ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ (30-4-2009) (၆၀၂၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေါ်တူဂီသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အန်တိုနီယို ဒီ ဖာရီးယား အီး မာယာသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ပေါ်တူဂီသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ အန်တိုနီယို ဒီ ဖာရီးယား အီး မာယာအား နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဒေါ့ဂလပ်စ် ဟာဗေး မွန်ရိုး ဂစ်ဘ်ဆင်သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိက သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဒေါ့ဂလပ်စ် ဟာဗေး မွန်ရိုး ဂစ်ဘ်ဆင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ (၂၉-၄-၂၀၀၉)

ချောက်၊ မြင်းခြံ၊ မုံရွာနှင့် ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ်စီ

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၂၉-၄-၂၀၀၉)

ရန်ကုန်မြို့လယ်	သုည ဒသမ ၉၅ လက်မ
သာယာဝတီ	သုည ဒသမ ၈၆ လက်မ

ကြေးမုံ
The Mirror
၁၀-၄-၂၀၀၉
(ကြာသပတေးနေ့)

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက် တိုင်းရင်းသားအားလုံး လက်တွဲကာကွယ်စောင့်ရှောက်

နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးဖြစ်သည်။ ယင်းသို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် နိုင်ငံတော် အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းများကို ဖော်ဆောင်ပေးလျက်ရှိရာ နယ်စပ်ဒေသများ၏ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးများ သိသိသာသာ ဖွံ့ဖြိုးတိုးတက်မြင့်မားလျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် အစွန်အဖျားကျသည့် ဒေသဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့်အတွက် ဒေသတွင်း ဆက်ဆံရေးနှင့် လုံခြုံရေးတို့တွင် အရေးပါသောဒေသ တစ်ခုဖြစ်သည်။ တစ်ချိန်က နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြသည့်အတွက် ကျိုင်းတုံမြို့ ပတ်ဝန်းကျင်သည်ပင် လုံခြုံမှုမရှိ ဖြစ်ခဲ့ရသည်။

ယခင်က သေနတ်သံ၊ ဗုံးသံများဖြင့် ယမ်းငွေ့လွှမ်းနေသည့် နယ်စပ်ဒေသများသည် ယနေ့ကာလတွင်တည်ငြိမ်အေးချမ်းမှု၊စည်းလုံးညီညွတ်မှု၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး အကျိုးသက်ရောက်မှုများကြောင့် ပြည်ထောင်စုကြီး၏ အတွင်းပိုင်းဒေသများနှင့်မခြား ဖွံ့ဖြိုးစည်ပင်နေသည်ကို မြင်တွေ့ရသည်။ တိုင်းရင်းသားအားလုံးက လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲမထားဘဲ ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူကြပြီး ရရှိဖြစ်ထွန်းနေသည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူအများစုက အတည်ပြုထောက်ခံပေးခဲ့ပြီးဖြစ်ရာ ယင်းအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ပြည့်နှစ်အတွင်း ရွေးကောက်ပွဲများ ကျင်းပတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်း၊ အခြေခံကောင်းများဖြင့် အမျိုးသားရေးတာဝန်များကို လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာမည် ဖြစ်ပါသည်။ ။

မသန်စွမ်းသူများအတွက် အခမဲ့ကွန်ပျူတာသင်တန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၂၉

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကို တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ပညာရေးလုပ်ငန်းအနေဖြင့် မသန်စွမ်းသူများအား ကွန်ပျူတာ အခြေခံသင်တန်းကို မေလမှစ၍ အခမဲ့သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ သင်တန်းကာလမှာ နှစ်လသတ်မှတ်ထားပြီး တစ်နှစ်ပတ်လုံး ငါးကြိမ်သင်ကြားပေးမည်ဖြစ်ရာ အသက်(၁၅)နှစ်မှ (၃၅)နှစ်အောက်ရှိသူများ၊ ကွန်ပျူတာ ပညာရပ်ကို အမှန်တကယ် စိတ်ဝင်စားသူများ၊ ကွန်ပျူတာ ကိုင်တွယ်အသုံးပြုရန်အတွက် လုံလောက်သည့် မသန်စွမ်းမှုရှိသူများသည် အုပ်ထိန်းသူ၏ သဘောတူညီချက်ဖြင့် တက်ရောက်နိုင်သည်။

အဆိုပါအခြေခံသင်တန်းများ တက်ရောက်အောင်မြင်ပြီးပါက အဆင့်မြင့် ကွန်ပျူတာ ပညာရပ်များကိုလည်း ဆက်လက်သင်ကြားပို့ချပေးပြီး အလုပ်အကိုင်ရရှိရန်အတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော မသန်စွမ်းသူများသည် အသေးစိတ်သိရှိလိုပါက အမှတ် ၇၉၇၊ အခန်း ၁၀၄-ဘီ၊ ဗိုလ်ချုပ်လမ်း(ဝါးတန်းလမ်းထောင့်)၊ မြန်မာ့အလှတာဝါ(၂)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၅၉၃၉၊ ၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၀၉-၅၁၀၃၇၂၅ နှင့် ၀၉-၅၀၄၂၆၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များ ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်းအမှုဆောင်အဖွဲ့၏(၁၀၉)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံတော်ပိုင် ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရည်မှန်းချက် လုပ်ငန်းတာဝန်များ ပြည့်မီအောင်မြင်စေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် လုပ်ငန်းလျာထားချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးက ဌာနဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးမှုအရှိန်အဟုန် ပိုမိုမြင့်မားစေရန် ဌာနဆိုင်ရာ ဝန်ထမ်းအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့်မှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အများသုံးရေလှောင်ကန်များ ကြံ့ခိုင်မှု မြို့တော်ဝန်စစ်ဆေး

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်နေသော ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်ရှိ အများသုံးအုတ်ရေလှောင်ကန်များ ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်ထားသည်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာမြို့တော်ဝန်သည် မြောက်ဥက္ကလာပမြို့နယ်(၂)ရပ်ကွက်မုဒိတာလမ်းသို့ ရောက်ရှိလာပြီး အုတ်ရေလှောင်ကန်အား ကြံ့ခိုင်မှု ပြည့်ဝစေရန် အောက်ခြေကြမ်းခင်းနှင့် ဘေးနံရံအား ထပ်ပိုးကွန်ကရစ်လောင်းထားမှုကို ကြည့်ရှုစစ်ဆေးရာ ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ လက်ထောက်ဌာနမှူးဦးအောင်ဆန်းဝင်းတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်သည် (၂)ရပ်ကွက်ရှိ အများသုံးအုတ်ရေလှောင်ကန် ၃၆ ကန်မှ ပြီးစီးသည့်ကန်များအား ကြံ့ခိုင်မှုပြည့်ဝစေရန် ဆောင်ရွက်ထားသည်များကို လိုက်လံစစ်ဆေးပြီးနောက် ရေလှောင်ကန်များ အပေါ်ပိုင်းကို ကွန်ကရစ်အဖုံးများဖြင့် အလုံပိတ်၍ တုံကင်ဖြင့် ရေယူစနစ် လုပ်ဆောင်ရန် မှာကြားသည်။ ရေလှောင်ကန်တစ်ကန်တွင် ရေဂါလန်တစ်ထောင်ဝင်ဆံ့ပြီး ဂျိုးဖြူ လှော်ကားရေလှောင်ကန်များက ပို့လွှတ်သောရေများဖြစ်သည်။ ထိုမှတစ်ဆင့် မြို့တော်ဝန်သည် သုမာလာလမ်းမှရုံး၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ရပ်ကွက်နေပြည်သူများအား ဝမ်းလျှော၊ ဝမ်းပျက်ကာကွယ်ဆေးများ တိုက်ကျွေးနေသောလုပ်ငန်းများကိုပါ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အုတ်ရေလှောင်ကန်များ ကြံ့ခိုင်မှုပြည့်ဝစေရန် ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အမှတ်(၃)လမ်းဆုံမှ နေပြည်တော် စီလမ်းဆုံအထိ ၁၀-၄-၂၀၀၉ ရက်နေ့မှစ၍ ယာဉ်ဖြတ်သန်းခကောက်ခံမည့်နှုန်းထားများ

ယာဉ်အမျိုးအစား	အမှတ်(၃)လမ်းဆုံ မှ ဖြူး	ဖြူး မှ နေပြည်တော်	အမှတ်(၃)လမ်းဆုံ မှ နေပြည်တော်
၁ တန်အောက်ယာဉ်	၁၅၀ဝိ/-	၁၀၀ဝိ/-	၂၅၀ဝိ/-
၃ တန်အောက်ယာဉ်	၃၀၀ဝိ/-	၂၀၀ဝိ/-	၅၀၀ဝိ/-
၅ တန်အောက်ယာဉ်	၄၅၀ဝိ/-	၃၀၀ဝိ/-	၇၅၀ဝိ/-
၁၀ တန်အောက်ယာဉ်	၇၅၀ဝိ/-	၅၀၀ဝိ/-	၁၂၅၀ဝိ/-

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန

ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် မိုးရာသီဘဏ်ချေးငွေ ထုတ်ချေးရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရန်ကုန်တိုင်း၏ ၂၀၀၉ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို တောင်သူများထံ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၌ ကျင်းပရာရှေးဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ရုံးချုပ်မှ တိုင်းတာဝန်ခံများ၊ ရန်ကုန်တိုင်းမန်နေဂျာ ဦးဉာဏ်ဝင်းနှင့် မြို့နယ်မန်နေဂျာများက တောင်သူများထံ မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ထုတ်ချေးမည့်အစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲ ၁၂ ခုမှ ယခုနှစ်တွင် မိုးရာသီ ဘဏ်ချေးငွေကျပ် ၉၆၆၉ ဒသမ ၆၄ သန်းကို ဇွန်လကုန်တွင် အပြီးထုတ်ချေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပစ္စုပ္ပန်ကာလ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာ အနာဂတ်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ရရှိနိုင်ရေး အာမခံနိုင်မည့် အခြေအနေမျိုးရရှိအောင် စဉ်းစားဆင်ခြင်ဆောင်ရွက်သွားကြရန် အထူးအရေးကြီး

နေပြည်တော် ဧပြီ ၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက် ၁၀ နာရီတွင် မိတ္ထီလာခရိုင် သာစည်မြို့နယ် သာဂရကျေးရွာ ပြည်သူ့အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးကျော်သန်းထွန်းနှင့် သာဂရကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လွင်တို့က ပြည်သူ့အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ ပြင်ဆင်ထားရှိမှု၊စာငှားစနစ်ဖြင့် စာအုပ်များငှားရမ်းနေမှုတို့ကို ကြည့်ရှု၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်များကို တာဝန်ရှိသူများအား မှာကြားကာ စာပေဖတ်ရှုနေသည့် ပြည်သူများကို အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သာဂရ၊ သဲပုံ၊ ကျောက်ပနား၊ ဘွဲ့ခြား၊ ငှက်ကြီးသိုက်၊ ဟံဇားကျေးရွာအုပ်စု(၆)အုပ်စုတို့မှ ဒေသခံပြည်သူ ၇၀၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ သာဂရကျေးရွာ အုပ်စုမှ ရပ်မိရပ်ဖဦးထွန်းကြည်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆည်ကြီးကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ငှက်ကြီးသိုက်ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက်ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် စာအုပ်၊ စာစောင်များ၊ ဇီဝဘက်ထရီနှင့် မီးသီးများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဝန်ကြီးနှင့်ဇနီးမိသားစုတို့က သာဂရကျေးရွာ ကျေးလက်ဆေးခန်းငွေပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်းကို လှူဒါန်းသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း၊ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက စာကြည့်တိုက်များအတွက် သတင်းစာနှင့် သုတရသစာစောင်များကို လည်းကောင်း၊ ရွှေတောင်ကုမ္ပဏီက သာဂရကျေးရွာ စာကြည့်တိုက်အတွက် လှူဒါန်းငွေကျပ်၁၅သိန်းကိုလည်းကောင်း၊ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သာဂရကျေးရွာ စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကိုလည်းကောင်း၊မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက စာကြည့်တိုက်အတွက် စာစောင်များကို လည်းကောင်း၊ သာဂရကျေးရွာမှ စေတနာရှင်များက စာကြည့်တိုက်အတွက် စုပေါင်းလှူဒါန်းငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာကြည့်တိုက်အတွက် ငွေကျပ်နှစ်သောင်းနှင့် စာစောင်များကိုလည်းကောင်း၊ အလှူရှင်များဖြစ်ကြသော ဟံဇားကျေးရွာမှ ဦးခင်မောင်ငြိမ်း မိသားစု၊ သာဂရကျေးရွာမှ ဦးညွန့်လွင်မိသားစု၊ ဦးအောင်ဇော်သိန်းမိသားစုနှင့် ဦးစိုးတင်မိသားစုတို့က ကျေးရွာစာကြည့်တိုက်များအတွက်တစ်နှစ်စာ သတင်းစာအတွက် အလှူငွေနှင့် မဂ္ဂဇင်းစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ရှမ်းတဲကျေးရွာ အလင်းရောင်စာကြည့်တိုက်သို့ ရောက်ရှိရာ စာကြည့်တိုက်မှ တာဝန်ရှိသူများက စာအုပ်၊ စာစောင်များ ပြင်ဆင်ထားရှိမှု၊ ဒေသခံပြည်သူများအား စာငှားစနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးမှုတို့ကို ရှင်းလင်းပြသကြပြီး ဝန်ကြီးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည်ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ၊ရှမ်းတဲ၊ ကဖြူ၊ လျှော်ဖြူကန်၊ ကန်သာ၊ မကျီးစု၊ ဘုရားကုန်း၊ ရွှေလံညောင်အိုင်၊ ဆည်ကုန်း၊ ဇောင်ချမ်းကုန်း၊ ကျောင်းရွာနှင့် ညောင်ကန်ကျေးရွာ အုပ်စု ၁၁ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက် တို့မှ ဒေသခံပြည်သူ ၅၀၀၀ တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှမ်းတဲကျေးရွာမှ ရပ်မိရပ်ဖဦးကြည်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ ဝန်ကြီးက ဒေသအတွက်လိုအပ်သည်များကိုပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မိတ္ထီလာမြို့နယ် ရှမ်းတဲကျေးရွာ၌ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ၁၁အုပ်စုနှင့် မြို့ပေါ်ရပ်ကွက် ၁၄ရပ်ကွက်တို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သာစည်မြို့နယ် သာဂရကျေးရွာ ပြည်သူ့အလင်းရောင် စာကြည့်တိုက်အတွင်း စာပေဖတ်ရှုနေသည့် ပြည်သူများကို အားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

နယူးယောက်မြို့ကောင်းကင်တွင် ဘိုးရင်းနှင့်တိုက်လေယာဉ် အနိမ့်ပျံသန်း မြို့သူ၊ မြို့သားများ အထိတ်တလန့်ဖြစ်

နယူးယောက် ဧပြီ ၂၉

အမေရိကန်နိုင်ငံ နယူးယောက်မြို့အောက်ပိုင်း မင်ဟက်တန်ဒေသပေါ်သို့ တနင်္လာနေ့က ဗွီစီ-၂၅ လေယာဉ်တစ်စင်းနှင့် အက်ဖ်-၁၆ တိုက်လေယာဉ်တစ်စင်းတို့ ခပ်နိမ့်နိမ့်မှပျံသန်းသွားရာ စက်တင်ဘာ ၁၁ ရက်က အကြမ်းဖက်ခံရသော အဖြစ်အပျက်ကို အမှတ်ရနေကြသေးသော နယူးယောက်မြို့သားများသည် ထိတ်ထိတ်ပျာပျာ ဖြစ်ခဲ့ရသည်။

အမေရိကန်စစ်ဘက်မှ အမိန့်ရထားပြီးဖြစ်သော ထိုလေယာဉ်များသည် မင်ဟက်တန်ဒေသ၊ စတိတ်ကျွန်းအရပ်နှင့် ပတ်ဝန်းကျင်ရှိ နယူးဂျာစီဒေသများပေါ်မှ ပေ ၁၀၀၀ မှ ပေ ၁၅၀ အမြင့်အတွင်းမှဖြတ်၍ ပျံသန်းသွားကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။ ယင်းလေယာဉ်များသည် အမေရိကန်ရှိ လစ်ဘာတီလွတ်လပ်ရေး ရုပ်တုကြီး အနီးမှလည်း ဖြတ်၍ ပျံသန်းသွားကြောင်း သိရသည်။

ဗွီစီ-၂၅ လေယာဉ်မှာ စစ်ဘက်ဆိုင်ရာသုံး ၇၄၇ ဘိုးရင်းလေယာဉ်ပင်ဖြစ်သည်။ ထိုလေယာဉ်ပေါ်တွင် အမေရိကန်သမ္မတ လိုက်ပါစီးနင်းသွားသောအခါ ယင်းလေယာဉ်ကို အမေရိကန်စစ်ဘက်က အဲဖို့စ်-ဝမ်း (အမှတ်-၁) လေယာဉ်အဖြစ် ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်။

ဂျက်လေယာဉ်နှစ်စင်းအနိမ့်မှ ပျံသန်းလာသည်ကို တွေ့ရသောအခါ ပတ်ဝန်းကျင်တွင်ရှိနေသူ ထောင်ပေါင်းများစွာတို့သည် အဆောက်အအုံများမှ အပြင်ထွက်၍ အရေးပေါ်ပြောင်းရွှေ့မှုများ ပြုလုပ်ကြသည်။ ယင်းသို့ဖြစ်သွားရသော နယ်မြေများတွင် နယူးယောက်မြို့ဒေသနှင့် ဟတ်ဆန်မြစ်ကမ်းဒေသနေ ပြည်သူအများအပြား ပါဝင်ကြောင်း နယူးယောက်ဒေးလီးသတင်းစာက ဖော်ပြသည်။

ဝေါထရိတ်စင်တာအဆောက်အအုံ တိုက်ခိုက်ခံရစဉ်က အနီးအနားမှာ ကျွန်တော်ရှိနေခဲ့သည်။ ယခုလည်း လေယာဉ်များက အဆောက်အအုံအနီးမှကပ်၍ နိမ့်နိမ့်ကလေး ပျံသန်းသွားသဖြင့် စိုးရိမ်မိသည်ဟု ယခုအဖြစ်အပျက်ကြောင့် နေရာရွှေ့ပြောင်းထွက်ပြေးခဲ့သူ ယူနစ်ဒါးဗစ်က ပြောကြားသည်။ ၎င်းသည် နယူးယောက် မာကင်တိုင်အိတ်ချိန်းမှ ဝန်ထမ်းတစ်ဦးဖြစ်သည်။

လေယာဉ်များအနိမ့်မှ ပျံသန်းမည့်အကြောင်းကို ဒေသဆိုင်ရာအာဏာပိုင်များသို့ ကြိုတင်အကြောင်းကြားထားသည်ဟု ဆိုသည်။ သို့ရာတွင် ထိုကိစ္စကို နယူးယောက်မြို့တော်ဝန် ဘလွန်းဘတ်က ၎င်းအားကြိုတင်အသိမပေးသည့်အတွက် ဒေါသထွက်ခဲ့ရကြောင်း သိရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ကာကွတ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားထားသော နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီရတ်တွင် စစ်သွေးကြွများတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၉

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် စနေနေ့က ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့များကို သောင်းကျန်းသူများက တိုက်ခိုက်ရာ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ရေနံကြွယ်ဝသော ကာကွတ်ပြည်နယ်တွင် နိုင်ငံစုံတပ်မ(မြောက်ပိုင်း)မှ တပ်ဖွဲ့များ ကင်းလှည့်နေစဉ် စစ်သွေးကြွများက တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ရာ ၎င်းဒဏ်ရာဖြင့်ပင် သေဆုံးကြောင်း စစ်ဘက်မှကြေညာချက်တွင် ဖော်ပြထားသည်။ ဖြစ်စဉ်အသေးစိတ်ကိုမူ ဖော်ပြခြင်း မပြုပေ။

ပင်တဂွန်ကိန်းဂဏန်း

အထူးတပ်ဖွဲ့ဟုခေါ်သော နိုင်ငံစုံတပ်မ(မြောက်ပိုင်း)သည် ခြေလျင်တပ်မ-၂၅ ၏ ဌာနချုပ်၌ရှိသည်။ ၎င်းတို့ တာဝန်ယူရသောနယ်ပယ်တွင် ဘာလတ်မြို့၊ ကာကွတ်မြို့၊ တီကရစ်မြို့၊ မိုဆူးနှင့် ဆာမာရားမြို့တို့ ပါဝင်သည်။ နောက်ဆုံးသေဆုံးသော တပ်ဖွဲ့ဝင်အပါအဝင် ၂၀၀၃ ခုနှစ် မတ်လ အမေရိကန်တို့ အီရတ်နိုင်ငံအား ကျူးကျော်ကတည်းက သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၄၂၇၈ ရှိပြီဖြစ်ကြောင်း ပင်တဂွန်မှ ကိန်းဂဏန်းများကို အခြေခံ၍ သတင်းဌာနများက တင်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဆိပ်ကမ်းဒေသပေါ်မှ ဖြတ်သန်းကာ အနိမ့်မှ ပျံသန်းနေသော လေယာဉ်ကို ဧပြီ ၂၇ ရက်က ဆဲလ်ဖုန်းမှ ကင်မရာဖြင့် ရိုက်ကူးထားသောဓာတ်ပုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယီမင်တပ်ဖွဲ့ ရေနံတင်သင်္ဘောကိုကယ်တင်၊ ဓားပြများအား ဖမ်းဆီး

ဆာနား ဧပြီ ၂၉

ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့များသည် ပြန်ပေးဆွဲခံရသော ယီမင်ရေနံတင်သင်္ဘောကို ပြန်လည်လွတ်မြောက်အောင်တိုက်ခိုက်ပြီး ဆိုမာလီပင်လယ်ဓားပြ ၁၁ ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ပြန်ပေးဆွဲခံရသောသင်္ဘောကို ပြန်လည်ရယူနိုင်သည်မှာ ပထမဆုံး အကြိမ်ဖြစ်ကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

တနင်္ဂနွေနေ့က ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ဓားပြများနှင့် အပြန်အလှန် ပစ်ခတ်ကြပြီး ရေနံတင်သင်္ဘော "ကာနာ"ကို ထိန်းချုပ်နိုင်ခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထိုနေ့စောစောပိုင်းက "ကာနာ"သည် ယီမင်နိုင်ငံတောင်ပိုင်း မူကာလာနှင့် အေဒင်ဆိပ်ကမ်းများသို့ ဦးတည်ခုတ်မောင်းနေစဉ် ပြန်ပေးဆွဲခံရခြင်း ဖြစ်သည်။ ယီမင်နိုင်ငံသည် အာရေဗျကျွန်းဆွယ်၏ အနောက်တောင်ဘက် အစွန်းတွင်ရှိပြီး အာဖရိကဦးချိုဒေသ ဆိုမာလီနှင့် ဒုက္ခပေးနေသော အေဒင်ပင်လယ်ကွေ့တို့နှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသည်။ ***အင်တာနက်။***

အမေရိကန်တို့၏ စီးနင်းတိုက်ခိုက်မှုသည် လုံခြုံရေးစာချုပ်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အီရတ်ပြောကြား

ဘာဆာရာ ဧပြီ ၂၉

အီရတ်တွင် အမေရိကန်တို့၏ စီးနင်းတိုက်ခိုက်မှုကြောင့် နှစ်ဦး အသက်ဆုံးရှုံးသွားရသည်။ ထိုကိစ္စသည် လုံခြုံရေးသဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်၍ ရာဇဝတ်မှုဖြစ်သည်ဟု အီရတ်တို့က ရှုမြင်ကြပြီး ယင်းဖြစ်ရပ်တွင် တာဝန်ရှိသူကို တရားရုံးသို့လွှဲပေးရန် အီရတ်အရာရှိများက လိုလားနေကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ တောင်ပိုင်း ကွတ်မြို့တွင် အီရတ်ပြည်သူ ရာပေါင်းများစွာက ဆန္ဒပြ ကန့်ကွက်ကြသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးကလည်း အမေရိကန်တို့၏ စစ်ဆင်ရေးလုပ်ရပ်ကို ရှုတ်ချခဲ့သည်။ ယခုစစ်ဆင်ရေးကို အီရတ်ဝန်ကြီးချုပ် နာရီအယ်မာလီကီအစိုးရ၏ ခွင့်ပြုချက်အရ ပြုလုပ်ခြင်းဖြစ်သည်ဟု အမေရိကန်တို့က ပြောကြားသည်။ အီရတ်များ၏ ကန့်ကွက်မှုနှင့် ပတ်သက်၍မူ တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိပေ။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း ခို့စ်ပြည်နယ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသောနေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းမှတ်စု

သီရိလင်္ကာအစိုးရ လေကြောင်းမှ တိုက်ခိုက်မှုရပ်မည်

အရပ်သားများ၏ အသက်အန္တရာယ်ကို အကာအကွယ်ပေးရန် အပြင်းအထန် ဖိအားပေးခံရသော သီရိလင်္ကာအစိုးရသည် လေကြောင်းမှ တိုက်ခိုက်မှုကိုလည်းကောင်း၊ အမြောက်များဖြင့် ပစ်ခတ်မှုကိုလည်းကောင်း ချက်ချင်းရပ်ဆိုင်းမည်ဖြစ်ကြောင်း၊ သို့သော် သူပုန်များနှင့် အပစ်အခတ် ရပ်စဲမည်မဟုတ်ကြောင်း တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ဘင်လာဒင် အသက်ရှင်လျက် ရှိ၊ မရှိ မသေချာ

ပါကစ္စတန်သမ္မတ အဇစ်အလီဇာဒါရီက အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာ ဘင်လာဒင် အသက်ရှင်လျက်ရှိနေဆဲဆိုသည်မှာ မသေချာကြောင်း၊ သေဆုံးသွားနိုင်သည်ဟုလည်း သံသယဖြစ်စရာရှိကြောင်း တနင်္လာနေ့တွင် ပြောကြားသည်။

တူရကီရဲနှင့် စစ်သွေးကြွတိုက်ခိုက်၊ သုံးဦးသေ

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် တနင်္လာနေ့က အစွန်းရောက်အုပ်စုများကို ရဲတပ်ဖွဲ့က နှိမ်နင်းရာတွင် အဆောက်အအုံတစ်ခုပေါ်မှ လက်ပစ်ဗုံးဖြင့် ပစ်ပြီး သေနတ်ဖြင့် ပစ်ခတ်သော လက်ဝဲစွန်းစစ်သွေးကြွတစ်ဦးနှင့် ငါးနာရီခန့် တိုက်ပွဲဖြစ်ရာ သုံးဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိကြောင်း အစိုးရက ပြောကြားသည်။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ဖြစ်ပွားသော သေနတ်ပစ်ခတ်မှုအတွင်း ဒဏ်ရာရရှိသွားသူအား ဝိုင်းဝန်းပြုစုနေသည်ကို ဧပြီ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီနှင့်ဆီးရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မည်

နှစ်နိုင်ငံကြည်းတပ်ဖွဲ့များ ဆက်ဆံရေးကိုတိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် တူရကီနှင့် ဆီးရီးယားတို့သည် ၎င်းတို့၏ ပထမဆုံးပူးတွဲစစ်ရေးလေ့ကျင့်မှုကို ယခုအပတ်အတွင်း စတင်မည်ဖြစ်ကြောင်း တူရကီစစ်ဘက်၏ တနင်္ဂနွေနေ့ ကြေညာချက်တွင် ဖော်ပြသည်။

ဗြိတိန်ရေနံအလုပ်သမားကို ပြန်ပေးသမားများ ပြန်လွှတ်ပေး

လွန်ခဲ့သော ရက်သတ္တသုံးပတ်ခန့်က နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသ ချောင်းငယ်တစ်ခုအတွင်းတွင် ပြန်ပေးဆွဲသွားခြင်းခံရသော ဗြိတိန်ရေနံအလုပ်သမားတစ်ဦးကို နိုင်ဂျီးရီးယားသေနတ်သမားများက ပြန်လွှတ်ပေးလိုက်ကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဗီယက်နမ်တွင် လျှာနာခွာနာရောဂါ ဖြစ်နေ

ဗီယက်နမ်နိုင်ငံ ဟာတန့်ပြည်နယ် အလယ်ပိုင်း ကျွဲ၊ နွားတိရစ္ဆာန်များ မွေးမြူရေးစခန်း၌ လျှာနာခွာနာရောဂါများ ဖြစ်ပွားနေကြောင်း ဒေသဆိုင်ရာ တပ်မတော်သတင်းစာက ဖော်ပြသည်။

အင်ဒိုနီးရှားတွင် ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန် သတိပေး

အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံတို့တွင် ဝက်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုများဖြစ်ပေါ်နေစဉ် အင်ဒိုနီးရှားနိုင်ငံအတွင်းတွင် ထိုရောဂါကို ရှောင်နိုင်ရေးအတွက် ကာကွယ်ရေးနည်းလမ်းများကို ချက်ချင်းပြင်ဆင်ထားကြရန် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားကြောင်း ဂျကာတာပို့(စ်)သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

ချီလီအကျဉ်းထောင်မီးလောင်၊ ၁၀ ဦး သေဆုံး

ချီလီနိုင်ငံ မြို့တော်စန်တီယာဂို၏ အပြင်ဘက်တွင်ရှိသော အကျဉ်းထောင်တစ်ခုအတွင်း တနင်္ဂနွေနေ့က မီးလောင်ရာ အနည်းဆုံး အကျဉ်းသား ၁၀ ဦး သေဆုံးကြောင်း လုံခြုံရေးတပ်ဖွဲ့များ၏ ညွှန်ကြားရေးမှူးက ပြောကြားသည်။

ဂျော်ဂျီယာ ရုပ်သံစတူဒီယိုပြိုကျ၊ နှစ်ဦးသေ

ဂျော်ဂျီယာနိုင်ငံ တီဘီလီစီမြို့တော်တွင် တနင်္ဂနွေနေ့၌ ဂျော်ဂျီယာရုပ်မြင်သံကြား၏ ငါးထပ်စတူဒီယိုအဆောက်အအုံ ပြိုကျသဖြင့် နှစ်ဦးသေဆုံးကြောင်း၊ နှစ်ဦးမှာ ဆေးရုံတွင် ကုသပေးလျက်ရှိကြောင်း၊ ပြိုကျရခြင်း၏ အကြောင်းရင်းကို မသိရသေးကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြန်ဆိုတင်ပြသူ-ဦးသန်းလွင်

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များ ဆက်လက်ကျင်းပ

ဆက်လက်ကျင်းပ

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနွင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာ ဒေါ်သိန်းသိန်းငွေနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါက်တာနှင်းရည်လှိုင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေါက်တာဒေါ်နန်းသူဇာက လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒေါက်တာ ဒေါ်နန်းကိန်းဖောင်းတစ်က လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဒေါက်တာဒေါ်ဇင်မာဦးက လည်းကောင်း၊ ဧရာဝတီတိုင်းမှ ဒေါက်တာ ဒေါ်ခင်စန်းလွင်က လည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာပတိ ဒေါ်အေးအေးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လေ့လာချက်စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း အစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လေ့လာချက်စာတမ်းများကို ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးများဖြစ်ကြသော ကချင်ပြည်နယ်မှ ဒေါက်တာဦးအေးငြိမ်းက 'ကိုယ်ဝန်ဆောင် မိခင်လောင်းများ၏ ကျန်းမာရေးနှင့်ညီညွတ်သော အပြုအမူများနှင့် ကျန်းမာရေးနှင့်မညီညွတ်သော အပြုအမူများကို လေ့လာခြင်း'စာတမ်း၊ ကယားပြည်နယ်မှ ဒေါက်တာ ဦးသန်းထွန်းမြင့်က 'အာဟာရချို့တဲ့ (၅)နှစ်အောက်ကလေးများအား ဖြည့်စွက်အာဟာရကျွေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း'စာတမ်း၊ ကရင်ပြည်နယ်မှ ဒေါက်တာဦးငွေနောင်က '(၅)နှစ်အောက်ကလေးများ ခြင်ထောင်နှင့် အိပ်စက်သည့် အလေ့အထနှင့် မိဘများ၏ ငှက်ဖျားရောဂါဆိုင်ရာ ဗဟုသုတ အခြေအနေ လေ့လာခြင်း'စာတမ်း၊ ချင်းပြည်နယ်မှ ဟားခါးဆေးရုံအုပ်ကြီး ဒေါက်တာဦးမင်းခိုင်က 'ငှက်ဖျားရောဂါကျဆင်းရေး မိခင်ကလေး အသင်းကူညီပေး'စာတမ်း၊ စစ်ကိုင်းတိုင်းမှ ဒေါက်တာဦးကျော်ရှိန်က 'နေခြည်ဖြာမှ နွေးသောကြောင့်'စာတမ်း၊ တနင်္သာရီတိုင်းမှ ဒေါက်တာဦးသန်းဝင်းက 'ဆေးလိပ်ငွေ့များ ကင်းစင်မှ မိခင်၊ ကလေးဘဝ သာယာလှပ'စာတမ်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)မှ ဒေါက်တာဦးငွေစန်းက 'ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေး ဗဟုသုတနှင့် အမူအကျင့်လေ့လာခြင်း' စာတမ်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)မှ ဒေါက်တာဦးနေမျိုးအုန်းက 'ကျောင်းနေအရွယ် ကျောင်းနေမယ် ကျားရယ် မရယ် မခွဲပါတယ်' စာတမ်းတို့ကို အသီးသီး ဖတ်ကြားတင်ပြကြပြီး နံနက်ပိုင်း နှစ်ပတ်လည် အစည်းအဝေး အစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် နှစ်ပတ်လည်အစည်းအဝေးကို ပြန်လည်ကျင်းပရာ ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးများဖြစ်ကြသော မကွေးတိုင်းမှ ဒေါက်တာ ဦးမောင်မောင်အောင်ကျော်က 'ဆက်လက် လန်းဆန်း မျိုးဆက်ပန်း'စာတမ်း၊ မန္တလေးတိုင်းမှ ဒေါက်တာ ဦးခင်မောင်ထွန်းက 'မိခင်သေနှုန်း၊ကလေးသေနှုန်း ကျဆင်းရေးတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု' စာတမ်း၊ မွန်ပြည်နယ်မှ ဒေါက်တာဦးငွေအောင်က 'မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်သည့် ဗဟုသုတများအား လူငယ်များအတွင်း လေ့လာခြင်း'စာတမ်း၊ ရခိုင်ပြည်နယ်မှ ဒေါက်တာဦးချိုထွန်းက 'ဒေသခံ အရန်သားဖွားဆရာမ မွေးထုတ်ခြင်းလုပ်ငန်းအား ဆန်းစစ်ခြင်း'စာတမ်း၊ ရန်ကုန်တိုင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက 'လုံခြုံစိတ်ချ မိခင်ဘဝ ရရှိနိုင်ရေးအတွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ မွေးထုတ်ထားသော အရန်သားဖွားဆရာမများ၏ အခန်းကဏ္ဍ သုတေသန' စာတမ်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေါက်တာ ဦးမြင့်အောင်က'ရင်သွေးငယ်တို့ ကျန်းမာဖို့ မိခင်အသိ ရှေ့ဆောင်စို့' စာတမ်း၊ (မိခင်နှင့်ကလေး HIV ပိုး ကင်းစင်ရေး ဆိုင်ရာ ဗဟုသုတစာတမ်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒေါက်တာဦးစိုင်းစန်ဝင်းက 'လူမှုဘဝမြင့်မားစေရာ ပညာပဒေသာ'စာတမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဒေါက်တာ ဦးအောင်ကြည်ဆွေက 'သလိပ်ပိုးတွေ့ လူနာနှင့်အတူ အိမ်သားများတွင် တီဘီရောဂါကူးစက်ဖြစ်ပွားမှု လေ့လာခြင်း' စာတမ်းနှင့် ဧရာဝတီတိုင်းမှ ဒေါက်တာဦးအေးကိုကိုက 'ဧရာဝတီတိုင်း အတွင်း ပြည်သူလူထုအခြေပြု အရန်သားဖွားဆရာမများ၏ အခြေအနေကို ဆန်းစစ် လေ့လာခြင်း' စာတမ်းတို့ကို အသီးသီး ဖတ်ကြားတင်ပြကြသည်။

အဆိုပါ လေ့လာချက်စာတမ်းများ တင်ပြချက်တို့နှင့်စပ်လျဉ်း၍ သဘာပတိ ဒေါက်တာထွန်းနိုင်ဦးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ညနေပိုင်းတွင် နှစ်ပတ်လည် အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ရပ်နားလိုက်သည်။

ယင်းနှစ်ပတ်လည် အစည်းအဝေး တတိယနေ့ အစီအစဉ်များကို ဧပြီ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၈ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေါက်တာ ဒေါ်နန်းသူဇာ ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒေါက်တာဒေါ်နန်းကိန်းဖောင်းတစ် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၈ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဒေါက်တာဒေါ်ဇင်မာဦး ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၈ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဧရာဝတီတိုင်းမှ ဒေါက်တာ ဒေါ်ခင်စန်းလွင် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၉ (ကြာသပတေးနေ့)

(၁၃၇၁ခုနှစ်၊ ကဆုန်လဆန်း ၇ရက်၊ အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အကပဒေသာ
၈း၀၅ ၆။ "ယုံကြည်အားထား စက်မှု(၁)ဆပ်ပြာများ"
၈း၂၀ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News
၈း၄၀ ၉။ အဆိုပြိုင်ပွဲ
၈း၅၀ ၁၀။ **"မြူတိမ်ကင်းသောနေ့" (ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ပုလဲဝင်း) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]**
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၇။ အတီးပြိုင်ပွဲ
၅း၂၅ ၈။ တေးဂီတအစီအစဉ်
၅း၄၀ ၉။ "လူကူးမျဉ်းကြားမှကူးမယ်'ဘီ' "
၅း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၁၅ ၁၃။ **ပျော်ရွှင်သောနေ့ရက်များ "အလိုလိုက်ခြင်းနည်း" (စိုးရန်အောင်၊ညီထက်၊ ရွှေစင်) (ဒါရိုက်တာ- အောင်ကျော်သူရ)**
၆း၅၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာရင်ခွင်" (အပိုင်း-၅)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" (အပိုင်း-၁၈)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေချစ်သက်တည်" (အပိုင်း-၁၈)**
၂၁။ အစီအစဉ်ပြီး၏။

နေပြည်တော်မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

(၁၀-၄-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅ တရားတော် (မေတ္တာသုတ်+ခန္ဓသုတ်) (ဓမ္မပူဇာတေးပဒေသာ)
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (သောကကင်းဝေးရေး)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး(သားလွင်)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (အရောင်ကပေးသောခံစားမှု)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာလက်မှုပညာ၊ ပန်းချီ)
၁၂း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀ ဆောင်းပါး (နောက်ကြည့်မှန်နှင့် ဒိုင်ခွက်များ)
၄း၃၀ အမှတ်တရတေးလက်ဆောင်
၅း၀၀ အလုပ်အကိုင်အခွင့်အလမ်း
၅း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ(စိတ်ခံစားမှု)
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ညနေခင်းတေးပဒေသာ
၆း၀၀ ညနေခင်းသတင်း
၆း၀၅ ညနေခင်းတေးပဒေသာ
၆း၂၅ ကျေးလက်ဇာတ်လမ်း (ကျွန်တော့်မန်ကျည်း)
၆း၄၀ တေးပဒေသာ
၇း၀၀ နိုင်ငံတကာသတင်း
၇း၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၃၀ သုတစုံစွာသိမှတ်စရာ (မီးတောင်များအကြောင်း)
၈း၀၀ ပြည်တွင်းသတင်း ၂၀၀၉ခုနှစ် မေလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်
၈း၂၀ ညချမ်းချိန်ခါ တေးပဒေသာ (စတူဒီယိုတေးသံရှင် ဆုမွန်ကျော်တို့မိသားစု)
၈း၅၀ သူ့လက်စွမ်းပြ (စန္ဒရားထွန်းညွှန့်ရဲ့စန္ဒရားလက်သံ) စီးပွားရေးဦးတည်ချက်
၉း၀၀ ဆောင်းပါး (လမ်းနှစ်သွယ်) ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တောင်ယမားချောင်း(ဝက်ခုတ်) တံတားဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၂၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့နှင့်အတူ ဧပြီ ၂၇ရက် တွင်ကျင်းပသည့် မကွေးတိုင်း ပခုက္ကူ ခရိုင်ရေစကြိုမြို့နယ် ပုသိမ် - မုံရွာလမ်း (ကဇွန်းမ-မုံရွာအပိုင်း)ရှိ တောင်ယမားချောင်း(ဝက်ခုတ်) တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တံတားဖွင့်ပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာတိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဥက္ကဋ္ဌက အမှာစကားပြောကြားကာ ဒုတိယဝန်ကြီးက တံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က တံတားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တံတားကိုဖြတ်သန်းကြည့်ရှုစစ်ဆေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဝက်ခုတ်တံတားသည် ပုသိမ် - မုံရွာလမ်း မိုင်တိုင်အမှတ် (၇၉/၁)၌ရှိပြီး သံကူကွန်ကရစ် အောက်ထည်ဘေလီသံပေါင်တံတားဖြစ်ကြောင်း၊ တံတားခံနိုင်ဝန်မှာ ၁၃တန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများဖြစ်သည့် (၃၆)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ (၂၇)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ (၉)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အဆင့်အတန်း မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံအပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို အာဆီယံနိုင်ငံများ၌ အက္ခရာစဉ်အလိုက် အလှည့်ကျကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသည့် အစည်းအဝေးများဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Ball Room ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.I Gusti Putu နှင့် အာဆီယံနိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ Special Officer, Mr. Eddy Krismeidi၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဈေးကွက်မြှင့်တင်ရေးကော်မတီတို့မှ အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ယခုကျင်းပသည့် အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပသွားမည်

ယင်းနောက် (၃၆)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ကုန်သည်ကြီးများဟိုတယ် Summer Palace Room ၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ခရီးသွားလုပ်ငန်းဌာနများမှ ကိုယ်စားလှယ်များက ဒေသတွင်း ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးကြပြီး အစည်းအဝေးများကို ဧပြီ ၃၀ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အာဆီယံ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(ဟိုတယ်/ခရီး)

❒ စာမျက်နှာ ၃ မှ

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှမ်းတဲကျေးရွာစာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ် ငါးသိန်း၊ ဘုရားကြီးကုန်းကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ် ငါးသိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၁၀သိန်း တို့ကိုလည်းကောင်း၊ ကျေးရွာများအတွက် ဇီဝဘက်ထရီအိုးနှင့်မီးသီးများကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကိုလည်းကောင်း၊ ရန်ကုန် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမြင့်၊ ဇနီး ဒေါ်ခင်အေးကြီး မိသားစုတို့က စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ဒီဗွီဒီတစ်စုံတို့ကိုလည်းကောင်း၊ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဂျာနယ်၊ စာစောင်များကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂျာနယ်၊ စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲများတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ကျေးလက်နေပြည်သူများ စာပေ ဗဟုသုတ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်များ ပိုမိုရင့်ကျက်တိုးပွားလာအောင် ထူထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးသည် အခြေခံကျသည့် လုပ်ငန်းဖြစ်သဖြင့် ဒေသခံပြည်သူများကပါ ဝိုင်းဝန်းပါဝင် မြှင့်တင်ကြရေး၊ ပြည်သူများ ကျန်းမာရေး အသိပညာ ပိုမိုတိုးတက်ပြီး နေထိုင်မှုဘဝတွင် ကျန်းမာရေးနှင့် လျော်ညီအောင် လိုအပ်သည်များပြုပြင်နေထိုင်သွားရေး၊ ကျေးလက်စီးပွားရေးတွင် မွေးမြူရေးနှင့်စိုက်ပျိုးရေးကိုတွဲဖက်သည့် စနစ်ကို တိုးမြှင့်ဆောင်ရွက်ရေး၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစနစ်ကို တစ်မိသားစုချင်းသော်လည်းကောင်း၊ ကျေးရွာအလိုက်သော်လည်းကောင်း ကျေးလက်နေပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်အသုံးပြုနိုင်ရေး၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ရေးတို့ကို ဆွေးနွေးမှာကြားလိုကြောင်း၊ အထူးသဖြင့် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ အတိတ်သမိုင်းဖြစ်စဉ်များကို မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်လျက် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည် တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လေ့လာပြီး အနာဂတ်တွင် ပစ္စုပ္ပန်ကာလကဲ့သို့ နိုင်ငံတော် တည်ငြိမ် အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ရရှိနိုင်ရေးအတွက် အာမခံနိုင်မည့် အခြေအနေမျိုးရရှိအောင် စဉ်းစားဆင်ခြင်ဆောင်ရွက် သွားကြရန် အထူးအရေးကြီးကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေး စစ်ဆေး

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းသည် ယမန်နေ့က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရုံး၌ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၏ မိုးရာသီတွင် ရေစီးရေလာကောင်းမွန်ရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မြို့နယ်ဥက္ကဋ္ဌ ဦးဆောင်သော တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထို့နောက် တာဝန်ရှိသူများ လိုက်ပါလျက် ရေဥက္ကံကျေးရွာအုပ်စုအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် ရေစီးရေလာကောင်းမွန်ရေး၊ ဆောင်ရွက်ထားရှိမှု အခြေအနေများ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ထားရှိမှု **(အောက်ပုံ)** နှင့် ယင်လုံအိမ်သာများ စနစ်တကျ ဆောက်လုပ်ထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော အမက (၁၅)ရှိ ကျန်းမာရေးပညာပေး ဟောပြောပွဲ အခမ်းအနားသို့ သွားရောက် စစ်ဆေးမှာကြားခဲ့ကြောင်း သိရှိရသည်။ (၄၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၉ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၁၅ MRTV-4 နံနက်ခင်းသတင်း
၆း၀၀ “ခန္ဓာအနာနှင့် ဆေးမဂ္ဂင်”တရားတော်
(ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၄၅ တောင်ကြီးမြို့ရဲ့အတုမရှိ လောကချမ်းသာစူဠာမုနိ
၇း၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၂၀)
၇း၃၀ TOM & JERRY
၈း၀၀ MRTV-4 နံနက်ခင်းသတင်း
၈း၄၅ မိခင်နှင့်ကလေးအာဟာရ
(ဒေါက်တာခင်မောင်လွင်၊ဒေါက်တာမြင့်မြင့်ဇင်)
၉း၁၅ အနုပညာမိုးကောင်းကင်
၉း၄၅ ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး
၁၀း၀၀ Shopping Guide (Jyanko Super Market)
၁၀း၂၀ သဘာဝအလှသနပ်ခါးက
၁၀း၂၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်(ဒီဇိုင်နာစုစုခိုင်နှင့်တွေ့ဆုံခြင်း)
၁၀း၄၅ ရွှေလီတံတား
၁၁း၀၀ စားချင်စဖွယ်နည်းအသွယ်သွယ်
(ငါးခေါင်းဟင်းချိုနှင့် ဝက်သားလုံးခြသေ့ခေါင်းပြုလုပ်နည်း)
၁၁း၂၀ သီးပွင့်ဝေဆာပဒေသာ(သရက်)
၁၁း၂၅ စွဲမက်ဖွယ်ရာရတနာ(စိန်ကျောက်အလား ဥဿဖရား)(အပိုင်း-၁)
၁၂း၀၀ တေးဂီတအစီအစဉ်
၁၂း၁၅ ရတနာပုံမြို့တည်၊ နန်းတည်အနှစ်(၁၅၀)ပြည့် မန္တလေးအနုပညာပုံရိပ်ပွဲတော်အကြိုပြင်ဆင်နေမှုများ
၁၂း၄၀ “ဝိုင်းဝန်းပက်ဖျန်းမေတ္တာပန်း” ထောက်ကြန့်ကလေးပြုစုရေးဌာန
၁း၀၀ “ခန္ဓာအနာနှင့် ဆေးမဂ္ဂင်”တရားတော်
(ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၁း၄၅ တောင်ကြီးမြို့ရဲ့အတုမရှိ လောကချမ်းသာစူဠာမုနိ
၁း၅၅ Study Guide (Mon Mon's Beauty Saloon)
၂း၁၅ စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့် အားကစား)
၂း၃၅ World's Greenest Homes
၃း၀၀ လေ့လာဆည်းပူးသင်ယူချင်စရာ RV Centre မှာ (အပိုင်း-၁)
၃း၃၀ ပျော်ရွှင်စရာ Utopia Tower
၃း၅၀ Land of Flowers
၄း၄၀ တိရစ္ဆာန်လေးတွေမွေးကြမယ်
၄း၅၅ Activities In The City
(အောင်ဇမ္ဗူအေးစေတီထီးတင်ပွဲ)
၅း၀၅ Shopping Guide (Jyanko Super Market)
၅း၂၅ နေရာတိုင်းတွင်အသုံးဝင် ရှားစောင်းလက်ပပ်အပင်
၅း၄၅ တေးဂီတအစီအစဉ်
၆း၀၀ MRTV-4 ညနေခင်းသတင်း
၆း၁၅ ရတနာပုံမြို့တည်၊ နန်းတည်အနှစ်(၁၅၀)ပြည့် မန္တလေးအနုပညာပုံရိပ်ပွဲတော်အကြိုပြင်ဆင်နေမှုများ
၆း၄၀ စီးဆင်းပါစေမေတ္တာရည်(မေကဗျာ၊ဖူးဖူး)
၆း၅၀ အနုပညာမိုးကောင်းကင်
၇း၁၅ စားချင်စဖွယ်နည်းအသွယ်သွယ်
(ငါးခေါင်းဟင်းချိုနှင့် ဝက်သားလုံးခြသေ့ခေါင်းပြုလုပ်နည်း)
၇း၃၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်(ဒီဇိုင်နာစုစုခိုင်နှင့်တွေ့ဆုံခြင်း)
၈း၀၀ MRTV-4 သတင်း
၈း၁၅ World's Greenest Homes
၈း၄၀ Study Guide (Mon Mon's Beauty Saloon)
၉း၀၅ စွဲမက်ဖွယ်ရာရတနာ(စိန်ကျောက်အလား ဥဿဖရား)(အပိုင်း-၁)
၉း၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၀)
၁၀း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁း၄၅ ပျော်ရွှင်စရာ Utopia Tower
၁၂း၁၀ Land of Flowers
၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီ အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရေလှောင်တမံ ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ကိုကိုးကျွန်းရှိ ကိုကိုးရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းနှင့် ဆက်သွယ်ရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ယာယီသစ်နီရေဆင်းတံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းသို့ သွားရောက်၍ လက်ဆောင်ပစ္စည်းနှင့် ရေသန့်စက်ကို ပေးအပ်လှူဒါန်းကြသည်။

ထို့မှတစ်ဆင့် ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ဆေးရုံအတွင်း လိုက်လံ ရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း၍ ထောက်ပံ့ငွေများနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးရေလှောင်တမံကို ကြည့်ရှုစစ်ဆေး၍နယ်မြေခံတပ်၏ စိုက်ခင်းအတွင်း သီးနှံမျိုးစုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။ ထို့နောက် မြို့နယ်ခန်းမ၌ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ တိုင်းမှူးက မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့တော်ဝန်က အမှာစကားပြောကြားကာ တာဝန်ရှိသူတို့က ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မြို့နယ်စာကြည့်တိုက်အတွက် လှူဒါန်းသော စာအုပ်၊ စာစောင်များကို တိုင်းမှူးက ပေးအပ်သည်။

ဆက်လက်၍တိုင်းမှူးက BIO ဘက်ထရီ၊ စားသောက်ကုန်၊ လူသုံးကုန်၊ Solar စက်၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးက လိုအပ်ချက်များဖြည့်စွက်မှာကြားပြီး မြို့နယ်ဆက်သွယ်ရေးစခန်း၌ Solar System တပ်ဆင် အသုံးပြုဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် နယ်မြေခံတပ်ရှိ အစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရားမအထူးအယူခံမှုများ စီရင်ချက်ချမှတ်

နေပြည်တော် ဧပြီ ၂၉

တရားရုံးချုပ်(နေပြည်တော်) ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ် (မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိန်လှိုင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယမန်နေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ရုံးထိုင်၍ တရားမအထူး အယူခံမှုခြောက်မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှုသုံးမှုနှင့် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၈ အရ တင်သွင်းသည့်တရားမ အထူးအယူခံမှုတစ်မှုတို့ကိုလည်း ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြီးမဲ့နှင့်ယာဉ်ထိန်းတပ်ဖွဲ့မှ ယာဉ်မှုစစ်ဌာနစုမှူး ဒုတိယရဲမှူးချုန်ထွန်းအောင်သည် ယမန်နေ့နံနက်ပိုင်းတွင် တာမွေမြို့နယ် လေးထောင့်ကန်လမ်းမပေါ်ရှိ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး၌ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၇၁ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားနည်းပြ မွမ်းမံသင်တန်း အမှတ်စဉ်(၁၅) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

ပညာရေးဝန်ကြီးဌာန ကာယဆရာ၊ ဆရာမများ အားကစားနည်းပြ မွမ်းမံ သင်တန်းအမှတ်စဉ်(၁၅) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အားကစားနှင့်ကာယပညာသိပ္ပံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကို ဇွန် ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား ကာယဆရာ၊ ဆရာမ ၁၄၇ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပညာရေးဝန်ကြီးဌာန ကာယဆရာ၊ ဆရာမများ အားကစားနည်းပြ မွမ်းမံသင်တန်း အမှတ်စဉ်(၁၅)ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဆရာမြတ်ကိုကိုနှင့် နက္ခတ်ဗေဒင်နှင့် စာရေးဆရာမ ဒဂုန်ခင်သဇင် (Hony.Ph-D)မိသားစုက မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ ဧပြီ ၁၇ရက်က ငွေကျပ်သုံးသောင်းပေးအပ်လှူဒါန်းရာ အသင်းအတွင်းရေးမှူး ဦးရဲဇော်လက်ခံယူစဉ်။

(စာပေနှင့် စာနယ်ဇင်း)

ကျုံပျော်မြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ကျုံပျော်မြို့နယ်အသင်း (ရန်ကုန်) ၏ ၂၅ ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားကို မေ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်းနှင့် ဓမ္မစေတီလမ်းထောင့်ရှိ သီရိမင်္ဂလာ ရတနာဗိမာန်စာသင်တိုက် (ဆွမ်းစားဆောင်)၌ ကျင်းပမည်ဖြစ်ပါသဖြင့် မြို့နယ်သူ မြို့နယ်သားများ၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးအောင် ဆုယူမည့်သူများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(ကြေးမုံ)

မူခင်းကြိုတင်ကာကွယ်ရေး၊ မူခင်းကျဆင်းရေး မရမ်းကုန်းမြို့နယ်အတွင်း ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးနှင့် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် မရမ်းကုန်းမြို့နယ်အတွင်း ရပ်ကွက်အလိုက် Crime Free Zone ကာလအဖြစ် သတ်မှတ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်းနှင့် အဖွဲ့တို့က ဆောင်ရွက်လျက်ရှိရာ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်အား ဧပြီ ၁၆ ရက်မှ ဧပြီ ၃၀ရက်အထိ Crime Free Zone အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် အောင်မေတ္တာဆွမ်းလောင်းဓမ္မာရုံကြီး၌ ဧပြီ ၁၉ရက် ည ၈နာရီက မူခင်းကြိုတင်ကာကွယ်ရေး၊ မူခင်းကျဆင်းရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးကိစ္စများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်းကလည်းကောင်း**(ယာပုံ)**၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့်တားဆီးကာကွယ်ရေး ကိစ္စများကို ဘုရင့်နောင် ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်နိုင်ဝင်းကလည်းကောင်း၊ လူမှောင်ခိုကုန်ကူးမှုနှင့် လောင်းကစား ဥပဒေများဆိုင်ရာအကြောင်းကို ဒုတိယရဲအုပ်စိုးမြင့်နိုင်က လည်းကောင်း မူခင်းအသိပညာပေးဟောပြောကြကြောင်း သိရသည်။ (မြို့နယ်ရဲတပ်ဖွဲ့)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အန်တိုနီယို ဒီ ဖာရီးယား အီး မာယာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာ
ပြည်ထောင်စု မြန်မာနိုင်ငံတော်
ဒေါ်ဂလပ်စ် ဟာဗေး မွန်ရိုး ဂစ်ဘ်
စဉ်။ (သတင်း-ရွှေဖုံး)

ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများက ပံ့ပိုးကူညီ လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ပံ့ပိုးကူညီပေးရေးနှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက မိမိတို့၏ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အာဆီယံ ဖက်ရှင်ပြပွဲနှင့် ဗန်ကောက်အပြည်ပြည်ဆိုင်ရာ သားရေပြပွဲသို့ မြန်မာနိုင်ငံအား တက်ရောက်ရန်ဖိတ်ကြား

ရန်ကုန် ဧပြီ ၂၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဩဂုတ် ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် ASEAN Fashion Plus Fair and Bangkok International Fashion Fair and Bangkok International Leather Fair 2009 (BIFF & BIL 2009) သို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ပြသရန် ဖိတ်ကြားထားရာ အာဆီယံနိုင်ငံများမှ အဝတ်အထည်၊ ဖက်ရှင်ဒီဇိုင်းနှင့် စပ်လျဉ်း၍ ပိတ်စ၊ အဝတ်အထည်များ၊ အလှကုန်ပစ္စည်း၊ လက်ဝတ်ရတနာ စသည့် ကုန်ကြမ်းပစ္စည်းများအပြင် အဝတ်အထည်၊ ကုန်ချောပစ္စည်းအထိ ပါဝင်ပြသနိုင်သည်။

ထို့အပြင် ပြပွဲကာလအတွင်း ဖက်ရှင်ပြပွဲများ၊ ဆွေးနွေးပွဲများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် တွေ့ဆုံဆွေးနွေးပွဲများလည်း ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲများသို့ ပါဝင်တက်ရောက်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များသည် ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဖုန်း-၂၁၄၃၄၄ မှ ၄၉ အထိ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်း အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၉

ရန်ကင်း အထက(၁) (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ၁၉၆၂ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ တိုးမြှင့်သတ်မှတ်ပူဇော်မည်ဖြစ်ရာ ၁၉၆၂ ခုနှစ်မှ ၁၉၈၂ ခုနှစ်ကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ရှိ သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် လာမည့် (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲတွင် ပါဝင်အကန်တော့ခံနိုင်ရန်အတွက် အလုပ်အမှုဆောင် ကော်မတီများထံသို့ ဆက်သွယ်စာရင်းပေးပို့ကြရန်ဖြစ်သည်။

ထို့အပြင် ရန်ကင်း အထက(၁)၏ ရွှေရတုအကြိုမဂ္ဂဇင်းကို အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွင်း ထုတ်ဝေသွားမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဆရာ၊ ဆရာမများနှင့် စာပေဝါသနာရှင်များသည် စာမူများကို ဇူလိုင် ၃၀ ရက်နောက်ဆုံးထား၍ ဦးဇေယျကို(ဥက္ကဋ္ဌ) ဖုန်း-၀၉၅၁-၆၇၅၅၆၊ ၀၁-၆၆၆၈၉၅၊ ဗိုလ်ကြီး တင်မောင်အေး(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉၅၂ ၀၀၂၀၀၊ ဦးစိုးမြင့်(အတွင်းရေးမှူး) ဖုန်း-၀၉၅၀ ၆၃၈၈၉၊ ၀၁-၅၆၅၂၂၃၊ ဦးခင်မောင်လှိုင် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉၅၀ ၄၀၉၉၇၊ ၀၁-၆၈၂၉၁၈-၉(ရုံး)၊ ဒေါ်ခင်မြတ်သက် (စာရင်းစစ်) ဖုန်း-၂၀၀၀၂၈၊ ၂၅၄၁၄၀၊ ၀၉၈၀ ၂၄၉၃၀၊ ကျောင်းအုပ်ကြီး (အထက-၁၊ ရန်ကင်း) ဖုန်း-၅၅၇၅၀၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရတနာပုံမန္တလေး မြို့တည်နန်းတည် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပမည်

နေပြည်တော် ဧပြီ ၂၉

ရတနာပုံမန္တလေး မြို့တည်နန်းတည် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို မေ ၁၄ ရက်မှ ၁၈ ရက်အထိ မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အထိမ်းအမှတ်ပွဲတော်တွင် စာပေပြိုင်ပွဲ(အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့်နှင့် အလွတ်တန်းအဆင့်)ကို မန္တလေးတက္ကသိုလ်နှင့် အထက(၁၄)၌ လည်းကောင်း၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တို့ကို ရတနာပူရခန်းမ၌ လည်းကောင်း၊ ပန်းချီ၊ ပန်းပု၊ ရွှေချည်ထိုးနှင့် မြန်မာမှုအနုပညာပြပွဲနှင့် ဓာတ်ပုံပြပွဲတို့ကို မန္တလေးမြို့တော်ခန်းမ၌ လည်းကောင်း၊ မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပြပွဲ၊ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ သိုင်းပြပွဲတို့ကို ရွှေမန်းတောင်အားကစားကွင်း၌လည်းကောင်း၊ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ဗထူးအားကစားခန်းမ၌လည်းကောင်း၊ ကာယဗလမောင်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲတို့ကို အမျိုးသားဇာတ်ရုံ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ပွဲတော်အကြိုအဖြစ် မန္တလေး စာပေ၊ သဘင်၊ ဂီတအနုပညာရှင်များ ပူးပေါင်း၍ အနုပညာပုံရိပ်ပွဲတော်နှင့် အနုပညာဦးစီးဌာန မန္တလေးကဇာတ်ဌာနခွဲမှ ယိမ်း၊ အကနှင့် ယဉ်ကျေးမှုအစီအစဉ်များကို ဧပြီ ၃၀ ရက်မှ မေ ၃ ရက်အထိ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက် ကပြသွားမည်ဖြစ်သည်။

ပွဲတော်ရက် မေ ၁၄ ရက်မှ ၁၈ ရက်အထိ ဖျော်ဖြေမှုအစီအစဉ်အဖြစ် ရုပ်ရှင်ဂီတအဆိုတော် အနုပညာရှင်များနှင့်တွဲဖက်၍ ခေတ်ပေါ်တေးဂီတ တီးဝိုင်း ငါးဖွဲ့တို့က အလှည့်ကျ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး မော်ကွန်းရုပ်ရှင်၊ ဇာတ်သဘင်ငါးဖွဲ့၊ အငြိမ့်ငါးဖွဲ့တို့ဖြင့်လည်း ညစဉ် ဖျော်ဖြေတင်ဆက်၍ မြို့တည်နန်းတည် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် မင်းတုန်းမင်းတရားကြီး၏ ပုံတူကြေးသွန်းရုပ်တုနှင့် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်တို့ကိုလည်း စိုက်ထူသွားမည်ဖြစ်သည်။

ထို့ပြင် ရတနာပုံမန္တလေး မြို့တည်နန်းတည် နှစ်(၁၅၀)ပြည့် ပွဲတော် အထိမ်းအမှတ်အဖြစ် စာတမ်းဖတ်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက်တွင် ကျင်းပရာ မန္တလေးမြို့မှ ဌာနဆိုင်ရာများ၊ စာပေစာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေဝါသနာရှင်များ တက်ရောက်ကြပြီး စာတမ်းဖတ်ပွဲတွင် စာတမ်းပညာရှင် ၁၉ ဦးတို့က မင်းတုန်းမင်း တည်ဆောက်ထားခဲ့သော သတ္တဌာနများ၊ နန်းတော်ကျောက်စာများ၊ ရတနာပုံခေတ်မှ နောက်ပိုင်း ပန်းချီ၊ ပန်းပုအနုပညာများကို ရသစုံလင်စွာဖြင့် ဧပြီ ၃၀ ရက်အထိ ဖတ်ကြားတင်သွင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာပြပွဲ(၂၀၀၉) တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပမည့် မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ(၂၀၀၉) (Myanmar ICT Exhibition -2009)ကို မေ ၁ရက်မှ ၃ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် MPEC၏ ပြခန်း၌ မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ် သည့် (CICT Diploma in Software Engineering သင်တန်းနှင့် စင်ကာပူသမ္မတ နိုင်ငံ Beacon School of Technology မှ ပေးအပ်မည့် Double Certificate သင်တန်း များ အကြောင်းတို့ကိုပါ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒေါ့ဂလပ်စ် ဟာဗေး မွန်ရိုး ဂစ်ဘ်ဆင်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

သံအမတ် ခန့်အပ်လွှာ ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မီရ်ဂါနီ မိုဟာမက် ဆာလိ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

...ထံ

...ရန်

...ရင့်

...စဉ်)

...လး မြို့တည်နန်းတည် ...ထိမ်းအမှတ်ပွဲတော် ကျင်းပမည်

...ည်တော် မေ ၂၉

...ာည်နန်းတည် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် ... ရက်အထိ မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ...

...ပွဲတော်တွင် စာပေပြိုင်ပွဲ(အခြေခံပညာအဆင့်၊ ...အလွတ်တန်းအဆင့်)ကို မန္တလေးတက္ကသိုလ်နှင့် ...၊ စာအုပ်ပြပွဲနှင့် စာအုပ်စျေးရောင်းပွဲတော်တို့ကို ...ာင်း၊ ပန်းချီ၊ ပန်းပု၊ ရွှေချည်ထိုးနှင့် မြန်မာမှု ...တို့ကို မန္တလေးမြို့တော်ခန်းမ၌ လည်းကောင်း၊ ...ပြပွဲ၊ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ သိုင်းပြပွဲ ...ားကွင်း၌လည်းကောင်း၊ မြန်မာ့ရိုးရာ လက်ဝှေ့ ...းမ၌လည်းကောင်း၊ ကာယဗလမောင်ပြိုင်ပွဲနှင့် ...ပြိုင်ပွဲတို့ကို အမျိုးသားဇာတ်ရုံ၌လည်းကောင်း ...

...န္တလေး စာပေ၊ သဘင်၊ ဂီတအနုပညာရှင်များ ...တော်နှင့် အနုပညာဦးစီးဌာန မန္တလေးကဇာတ် ...ဖျော်ဖြေမှုအစီအစဉ်များကို မေ ၁၀ ရက်မှ မေ ...ရုံ၌ ဖျော်ဖြေတင်ဆက် ကပြသွားမည်ဖြစ်သည်။ ...က်မှ ၁၈ ရက်အထိ ဖျော်ဖြေမှုအစီအစဉ်အဖြစ် ...ပညာရှင်များနှင့်တွဲဖက်၍ ခေတ်ပေါ်တေးဂီတ ... ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး မော်ကွန်းရုပ်ရှင်၊ ...ဖွဲ့တို့ဖြင့်လည်း ညစဉ် ဖျော်ဖြေတင်ဆက်၍ ...ပြည့် အထိမ်းအမှတ် မင်းတုန်းမင်းတရားကြီး၏ ...သည်းမော်ကွန်းကျောက်စာတိုင်တို့ကိုလည်း စိုက်ထူ...

...း မြို့တည်နန်းတည် နှစ်(၁၅၀)ပြည့် ပွဲတော် ...ဖတ်ပွဲ အခမ်းအနားကို မေ ၂၈ ရက်တွင် ...နဆိုင်ရာများ၊ စာပေစာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ ...ပေဝါသနာရှင်များ တက်ရောက်ကြပြီး စာတမ်း ...၁၉ ဦးတို့က မင်းတုန်းမင်း တည်ဆောက်ထားခဲ့ ...ော်ကျောက်စာများ၊ ရတနာပုံခေတ်မှ နောက်ပိုင်း ... ရသစုံလင်စွာဖြင့် မေ ၃၀ ရက်အထိ ဖတ်ကြား ...သတင်းရရှိသည်။ (သတင်းစဉ်)

...က်နှင့်ဆက်သွယ်ရေးနည်းပညာပြပွဲ(၂၀၀၉) ...ခန်းမ၌ ကျင်းပမည်

...ကုန် မေ ၂၉

...အသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာ ...ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပ ...လက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ(၂၀၀၉) ...2009)ကို မေ ၁ရက်မှ ၃ရက်အထိ ရန်ကုန်မြို့ ...မ၌ ကျင်းပမည်ဖြစ်သည်။

...၏ ပြခန်း၌ မလေးရှားနိုင်ငံ Cambridge ICT မှ ...oma in Software Engineering သင်တန်းနှင့် ...on School of Technology မှ ပေးအပ်မည့် ...များ အကြောင်းတို့ကိုပါ ပြသသွားမည်ဖြစ်ကြောင်း

(သတင်းစဉ်)

ဖြတ်သန်းကြည့်ရှု

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် အဖွဲ့ဝင်များ ရေပုံးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်တို့ ရေပုံးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

❍ ကျော်ဖုံးမှ

ယခုကဲ့သို့ တံတားများ တစ်စင်းပြီး တစ်စင်း တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်၏ အဆင့်အတန်း၊ မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းနှင့် တီထွင်ကြံဆမှု၊ တိုင်းရင်းသားပြည်သူများ၏ ညီညွတ်မှုနှင့် ကြိုးပမ်းအားထုတ်မှုတို့ကို မှတ်ကျောက်တင်ပြဆိုလိုခြင်းဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် ဆီအုန်း၊ ရော်ဘာ၊ ကွမ်းသီးနှင့်သီဟိုဠ်စေ့တို့ ဖြစ်ထွန်းအောင်မြင်ပြီး နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကဏ္ဍ၌ အရေးပါသည့် တိုင်းတစ်ခုဖြစ်ကြောင်း။

ယခုနေရာမှာ ရေပုံးတံတားဆောက်လုပ်နိုင်ခြင်းအားဖြင့် ပညာရေး၊ကျန်းမာရေးကဏ္ဍများအတွက် အထောက်အပံ့ကောင်းဖြစ်စေပြီး ပြည်မမှ တနင်္သာရီတိုင်း ကော့သောင်းထိ သွားလာနိုင်၍ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုမှာလည်း အဆင်ပြေချောမွေ့စေကြောင်း။

ထို့အပြင် အခြားပြည်နယ်၊ တိုင်းများကိုလည်း တည်ဆောက်ပြီးသည့် လမ်း၊ တံတားများကိုသုံးပြီး လွယ်ကူလျင်မြန်စွာ ပေါင်းကူးဆက်သွယ်သွားလာနိုင်ကြတော့မည်မှာလက်တွေ့ပင်ဖြစ်ကြောင်း။

ယခု ရေပုံးတံတား ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ထားဝယ်ခရိုင်အတွင်းနှင့် တနင်္သာရီတိုင်းအတွင်းရှိ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ၊ ရေလုပ်ငန်းများနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများသည် ကုန်ကြမ်းသယ်ယူခြင်း၊ ကုန်ချောပို့ဆောင်ခြင်းများကို ကုန်ကျစရိတ်သက်သာလွယ်ကူမြန်ဆန်စွာဖြင့် ပို့ဆောင်သယ်ယူနိုင်တော့မည်ဖြစ်ကြောင်း။

ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် အချိန်တိုအတွင်း ခရီးပေါက်နိုင်အောင် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ကြောင်း။

နိဂုံးချုပ်နေဖြင့် ယနေ့ ဖွင့်လှစ်လိုက်သည့် ရေပုံးတံတားအပါအဝင် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ အသုံးပြုရင်း မိမိတို့၏ နောင်လာနောက်သားများပါ အသုံးပြုနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံ ပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရေပုံးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာအဖွဲ့ဝင်များသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၉

မွန်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၁၃၇၁ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက်တွင် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာတံတား၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီးဒေါ်မြင့်မြင့်စိုးတို့ တက်ရောက်၍ ဇီဝိတဒါနငါးလွှတ်ပေးကြပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ အဖွဲ့ဝင်(၁) မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်၊ မွန်ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးမြင့်၊ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦး၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုနိုင်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးသားပေါက်ကောင်ရေ ၇၀၀၀၀ ကို သံလွင်မြစ်အတွင်းသို့ ဇီဝိတဒါနလွှတ်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၂၅ ရက် ညနေပိုင်းတွင် တောင်သာမြို့နယ် တောင်လယ်ကန်ကျေးရွာသို့ရောက်ရှိပြီး တောင်လယ်ကန်၊ ကျားမတွင်း၊ တွင်းဖျား၊ ချောင်းခွနှင့် မုံရိုးကျေးရွာတို့ရှိ ကျေးလက်နေ ပြည်သူများနှင့်တွေ့ဆုံ၍ ပညာရေး၊ သောက်သုံးရေရရှိရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ညပိုင်းတွင် တောင်သာမြို့နယ် ဆင်သေကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဝန်ကြီးသည် တောင်သာ မြို့နယ် သပွတ်စုကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရတနာပုံ F.C နှင့် မန္တလေးတိုင်း လက်ရွေးစင် ခြေစမ်းပွဲ ယှဉ်ပြိုင်

ရန်ကုန် မေ ၂၉

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင် မန္တလေးတိုင်း ကိုယ်စားပြု ရတနာပုံ F.C အသင်းနှင့် မန္တလေးတိုင်း လက်ရွေးစင် ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေး ခြေစမ်း ဘောလုံးပြိုင်ပွဲကို ဧပြီ ၂၆ရက် ညနေ၄နာရီခွဲတွင် မန္တလေးမြို့ ဗထူး အားကစားပြိုင်ကွင်း၌ ကျင်းပရာ ရတနာပုံ F.C အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲယှဉ်ပြိုင်ကြရာ ပထမပိုင်းတွင် မန္တလေးတိုင်း လက်ရွေးစင်အသင်းမှ အောင်ကိုဝင်း(၉)က ၁၀မိနစ်၌ စတင်သွင်းယူ၍ တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယပိုင်း ၅၅မိနစ် ရတနာပုံ F.C အသင်းမှ Kam Bou (အိုင်ဗရီကို့စ်)က ချေပဂိုးတစ်ဂိုးနှင့် ၈၆ မိနစ်တွင် ကျော်ဇေယျာမင်းက အနိုင်ဂိုးကို သွင်းယူခဲ့ကြသည်။

ဆက်လက်ယှဉ်ပြိုင်

အဆိုပါ နှစ်သင်းသည် ဧပြီ၂၈ရက်တွင် ခြေစမ်းပွဲ ဒုတိယပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင် ကစားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေသခံပြည်သူများဘဝ လုပဖွံ့ဖြိုးလာစေမည့် အင်းတောမြစ်ရေတင်စီမံကိန်း



ရန်ကုန် မေ ၂၉

ယနေ့ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်သော လမ်း၊ တံတားများ၊ ဆည်မြောင်း၊ တာ၊ တမံများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက် လေးရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့်ဦးတည်ချက်ကို ချမှတ်ထားရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဆည်၊တာ၊ တမံ၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကြောင့် နိုင်ငံတစ်ဝန်း စိုက်ဧကများ တစ်နေ့တခြား တိုးတက်လာသည်ကို တွေ့မြင်နေရသည်။**(အပေါ်ပုံ)**

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ချင်းတွင်းမြစ်ရေကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် အင်းတော လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၀၀ပြည့်နှစ်တွင် အကောင်အထည်ဖော်ခဲ့သည်။ ယနေ့အချိန်အခါတွင် သီးနှံစုံဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိရာ ခရိုင်အတွင်းရှိ အင်းတော၊ ကွမ်းခြံ၊ ထန်းတော၊ ညောင်သုမြား၊ ကျီစု၊ ဇီးတော၊ ကံဆွယ်၊ ဖန်းခါးကျင်း၊ မရိုးတော၊ ရေအိုးစင်ကျေးရွာအုပ်စုများနှင့် ဆဲကျင်းကျေးရွာများရှိ တောင်သူများအနေဖြင့် မိုးစပါး အပါအဝင် နေကြာ၊ မြေပဲ၊ ပဲစင်းငုံ စသည့် သီးနှံစုံများစွာကို ရာသီမရွေး စိုက်ပျိုးနေကြပြီဖြစ်သည်။

ဘုတလင်မြို့နယ်တွင် အင်းတောလျှပ်စစ်မြစ်ရေတင်စီမံကိန်းမရှိမီက ယာမြေများအဖြစ် မိုးပဲနှင့် နှမ်း သာစိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ကျေးဇူးကြောင့် ယာမြေများကို လယ်မြေများအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့၍ တစ်နှစ်ပတ်လုံး ရာသီအလိုက်သီးနှံများကို စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။ သောက်ရေ သုံးရေအတွက် ပူပန်စရာ မလိုတော့သလို ဒေသဝမ်းစာဖူလုံရုံမျှမက ပိုလျှံစွာ စိုက်ပျိုးနိုင်ခဲ့၍ ဒေသခံပြည်သူများ၏ဘဝ ဖွံ့ဖြိုးလုပလျက်ရှိနေပေသည်။

သတင်းမှတ်တမ်းနှင့် ဓာတ်ပုံ-ဝင်းနိုင်

ပုံနှိပ်ပိုင်းဆိုင်ရာဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းခွင်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပုံနှိပ်ပိုင်းဆိုင်ရာဝန်ထမ်းများ၏စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းခွင်သင်တန်း (၁/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ စုဝေးခန်းမ၌ ကျင်းပရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း တက်ရောက်အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၃၃ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်မည်ဖြစ်ကြောင်းသိရှိရသည်။(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀–၄–၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၀၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၃။ ကာတွန်းအစီအစဉ် -ပိုးကောင်ကလေးများရဲ့ အတွေး (အပိုင်း-၁၄)
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ (အပိုင်း-၁၃)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - တရားရှင်နှင့် ကျန်ကျောင်း (အပိုင်း-၄)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ရှုံးပိတ်ရက်ယာဉ်စီးခ ပိုမိုကောက်ခံခြင်း ရှိ၊ မရှိ ရှောင်တခင်စစ်ဆေး

ရန်ကုန် မေ ၂၉

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက နှစ်သစ်ကူးပွဲတော် ရှုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများ သွားလာမှုများပြားခြင်းအပေါ် အဝေးပြေးမှန်လုံမော်တော်ယာဉ်များက ယာဉ်စီးခ ပိုမိုတောင်းခံခြင်းမပြုရန် အသိပေးညွှန်ကြားထားချက်အတိုင်း ဧပြီ ၁၁ ရက်မှ ၂၁ ရက်အထိ မော်လမြိုင်မြို့ လိုင်းအဝေးပြေးဝင်း ယာဉ်ရပ်နားစခန်းဝင်း၌ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ထွက်ခွာကြသော မှန်လုံမော်တော်ယာဉ်များအား မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမောင်ချစ် ဦးဆောင်သော ဌာနခွဲမှူးများနှင့် စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများက ရာဇာမင်း၊ ရောင်နီထွန်း၊ ချမ်းမြေ့ကြွယ်၊ ပစ်တိုင်းထောင်၊ ရွှေနဒီ၊ သန်မြန်သူ၊ ယူနီဗာဆယ်၊ ရွှေစင်စကြာ၊ ရိုးရိုးလေး၊ မိဟာရ၊ နန်းထိုက်စံ ၊ ဥဿာ၊ အောင်စိုးမိုးနှင့် ရဲမာန်ဟိန်း ယာဉ်လိုင်းများမှ ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်များပေါ်သို့ တက်ရောက်ကြပြီး စီးနင်းလိုက်ပါကြသည့် ခရီးသည်များအား ယာဉ်စီးခ ပိုမိုပေးဆောင်ရခြင်း ရှိ ၊မရှိ ရှောင်တခင်စစ်ဆေးမှုများကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

အလက(၁)၊ ကမာရွတ်၊ ကွမ်းခြံ(သားရေရုံကျောင်း) အာစရိယပူဇော်

ရန်ကုန် ဧပြီ ၂၉

အလက(၁) ကမာရွတ် ကွမ်းခြံ(ယခင် သားရေရုံကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၆ ရက် က Lion City စားသောက်ဆိုင် ရွှေနဂါး ခန်းမ၌ ကျင်းပသည်။

ပူဇော်ပွဲ အခမ်းအနားတွင် အလက(၁) ကမာရွတ်ကွမ်းခြံ(ယခင်သားရေရုံကျောင်း) ၌ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသည့် ကျောင်းအုပ်ဆရာကြီး သုံးဦးအပါအဝင် ဆရာကြီး၊ ဆရာမကြီး ၃၅ ဦးတို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့လက်ဆောင် ပစ္စည်းများဖြင့်ပူဇော်ကန်တော့ကြကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၉

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်၊ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်၊မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှ အပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့၊ မြင်းခြံမြို့၊ မုံရွာမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရန်ကုန်မြို့လယ်တွင် သုည ဒသမ ၉၅လက်မ၊ သာယာဝတီမြို့တွင် သုည ဒသမ ၈၆လက်မနှင့် မြင်းခြံမြို့တွင် သုည ဒသမ ၅၅လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော် တွင် အများအားဖြင့်သာယာနေသည်။

ဧပြီ ၃၀ရက် ညနေထိ ခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့ နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	
၃၇ဒသမ သုည ဒီဂရီစင်တီဂရိတ်(၉၉ဒီဂရီဖာရင်ဟိုက်)	၂၈-၄-၂၀၀၉
အနိမ့်ဆုံးအပူချိန်	
၂၃ဒသမ သုညဒီဂရီစင်တီဂရိတ်(၇၃ ဒီဂရီဖာရင်ဟိုက်)	၂၉-၄-၂၀၀၉
၉း၃၀နာရီအချိန် စိုထိုင်းဆ ၆၈ရာခိုင်နှုန်း	၂၉-၄-၂၀၀၉
နေပူသည့်နာရီပေါင်း ၆ဒသမ ၅နာရီခန့်	၂၈-၄-၂၀၀၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ဝက်တုပ်ကွေးရောဂါ SWINE FLU သတိပေးနှိုးဆော်ချက်

၁။ **လူတွင်ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါ။** ၂၀၀၉ ခုနှစ် ဧပြီလ ၁၇ ရက်မှ ၂၅ ရက်အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့်နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ (SWINE FLU) သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူပေါင်း ၁၃၀၀ ကျော်တွင် ရောဂါဖြစ်ပွားပြီး လူ ၈၀ ကျော် သေဆုံးခဲ့ပါသည်။

၂။ **ဝက်၌ တွေ့ရှိရသော ဝက်တုပ်ကွေးရောဂါသင်္ကေတ လက္ခဏာများ။** ဝက်၌ တုပ်ကွေးရောဂါဖြစ်ပွားပါက ရုတ်တရက်ဖျားနာခြင်း၊ ငေးမှိုင်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်၊ မျက်ရည်ကျခြင်း၊ နှာချေခြင်း၊ အသက်ရှူကျပ်ခြင်း၊ မျက်လုံးနီခြင်း၊ ရောင်ခြင်း၊ အစာမစားခြင်း စသည့် တုပ်ကွေးလက္ခဏာများ တွေ့ရှိရကြောင်း၊ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်တတ်သော အအေးမိခြင်းနှင့် အခြားဝက်ဖျားနာရောဂါများတွင်လည်း ဤရောဂါလက္ခဏာ တွေ့ရှိရကြောင်း။

၃။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လိုက်နာဆောင်ရွက်ရန်အချက်များ**

(က) ဝက်များ၌ ဖျားနာရောဂါလက္ခဏာများတွေ့ရှိပါက လူများနှင့် နီးစပ်မှုမရှိစေဘဲ သီးခြားထားရှိရန်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သတင်းပို့ရန်။

(ခ) စီးပွားဖြစ် ဝက်ကောင်ရေများများမွေးမြူသည့်လုပ်ငန်းများ၌ ဇီဝလုံခြုံရေး မြှင့်တင်မွေးမြူသွားရန်။

(ဂ) ဝက်ခြံလုပ်ငန်းဆောင်ရွက်ပြီးတိုင်း ခြေ/လက်သန့်ရှင်းရေး စနစ်တကျစင်ကြယ်အောင်ဆေးကြောရန်။

(ဃ) မကျန်းမာသောဝက်များ ပြုစုစောင့်ရှောက်သည့်အခါ နှာခေါင်း၊ ပါးစပ်အကာ၊ လက်အိတ်များ အသုံးပြုကိုင်တွယ်သွားရန်။

(င) မကျန်းမာသော ဝက်များအား ဈေးကွက်သို့ရောင်းချခြင်းမပြုရန်။

(စ) မူရင်းဇာစ်မြစ်မသိသော ဝက်များကို မွေးမြူခြင်းမပြုရန်၊ အထူးသဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ဝက်များကို မွေးမြူခြင်းမပြုရန်။

(ဆ) ဝက်သားနှင့် ဝက်သားထွက်ပစ္စည်းများ သေချာစွာကိုင်တွယ်ချက်ပြုတ် စားသောက်ပါက ရောဂါမကူးစက်နိုင်ကြောင်း၊ အပူချိန် (၇၀ံ C) အထက်ချက်ပြုတ်ထားပါက ဗိုင်းရပ်စ်သေဆုံးနိုင်ပါကြောင်း။

၄။ **ဝက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး။** မြန်မာနိုင်ငံအတွင်း ဝက်များ၌ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိပါသဖြင့် တစ်နိုင်မွေးမြူသူများ၊ စီးပွားဖြစ်ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြုပြင်ထုတ်လုပ်ရောင်းချသူများသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စည်ပင်သာယာရေးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတို့နှင့် ဝက်တုပ်ကွေးရောဂါ မဖြစ်ပွားရေး၊ ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်သွားပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ကမ္ဘာ့လူ့တုပ်ကွေး ကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်

၁။ ၂၀၀၉ ခုနှစ် ဧပြီလ ၁၇ ရက်မှ ၂၅ ရက်နေ့အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့် နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ (Swine Flu) သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူပေါင်း ၁၃၀၀ ကျော်တွင် ရောဂါဖြစ်ပွားပြီး လူ ၈၀ ကျော် သေဆုံးခဲ့ပါသည်။

၂။ ယခုဖြစ်ပွားနေသော ရောဂါသည် ဗိုင်းရပ်စ်ပိုးအသစ်တစ်မျိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ဗိုင်းရပ်စ် မျိုးရိုးဗီဇ(၄)မျိုးပေါင်းထားသော ပိုးအသစ်ဖြစ်သဖြင့် ကျယ်ပြန့်စွာကူးစက်ပျံ့နှံ့နိုင်သည်ကို သတိပြုရန် လိုအပ်ပါသည်။ ယခုအခါ နိုင်ငံအချို့တွင် ဖြစ်ပွားလျက်ရှိကြောင်းနှင့် ဤရောဂါကို နိုင်ငံတကာဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ကြေညာထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကြက်ငှက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ရောဂါကူးစက်မှုမရှိရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ အခြားနိုင်ငံများတွင် ဝက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ရောဂါကူးစက်မှုရှိလာသဖြင့် အဆိုပါရောဂါ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်ပျံ့နှံ့ခြင်းမရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဝက်တုပ်ကွေးရောဂါ (Swine Flu)၏ လက္ခဏာများသည် ကိုယ်ပူခြင်း၊ နှာရည်ယိုခြင်း၊ နှာစေးချောင်းဆိုးခြင်း၊ ကိုယ်လက်မအီမသာဖြစ်၍ ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူကျပ်ခြင်းတို့ဖြစ်ပြီး အခြားသော တုပ်ကွေးရောဂါလက္ခဏာများနှင့်လည်း တူညီပါသည်။ ထိုရောဂါလက္ခဏာများဖြစ်ပွားပါက လုပ်ငန်းခွင်၊ ကျောင်းစသည့် လူစုလူဝေးနေရာများသို့ မသွားရောက်ဘဲ မိမိတို့နေအိမ်တွင်သာ အနားယူရန်၊ လိုအပ်လျှင် နီးစပ်ရာ ကျန်းမာရေးဆေးခန်းများသို့ ဆက်သွယ်၍ ကုသမှုကို ခံယူရန်၊ အဖျားကြီးခြင်း၊ ချောင်းဆိုးကြာရှည်ခြင်း၊ အသက်ရှူခက်ခဲ၍ မောပန်းခြင်း စသည့် ရောဂါပြင်းထန်သော လက္ခဏာများ ခံစားရပါလျှင် ဆေးရုံသို့ချက်ချင်းပြသ၍ ကုသမှုခံယူရန်၊ ဆေးရုံ၊ ဆေးခန်းများသို့ ကုသရန်သွားရောက်ရာတွင်လည်း တခြားလူများသို့ ကူးစက်မှုမှ ကာကွယ်ရန်အတွက် နှာခေါင်းစည်းများ (Surgical Masks)တပ်ဆင်ရန် လိုအပ်ပါသည်။

၄။ ဤရောဂါသည် လူမှလူသို့ ကူးစက်လျက်ရှိသည်ကို တွေ့ရပါသဖြင့် ယခင်ဆားစ်အဆုတ်ရောင်ရောဂါဖြစ်ပွားသကဲ့သို့ ကမ္ဘာ့နိုင်ငံ အနှံ့အပြားသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်ပြီး ကပ်ရောဂါအသွင်သို့ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို သတိပြုလိုက်နာကျင့်သုံးကြရန် နှိုးဆော်အပ်ပါသည်။

(က) နှာချေချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း။

(ခ) လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောခြင်း။

(ဂ) တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း။

(ဃ) ကောင်းစွာ အိပ်စက်အနားယူခြင်း။

(င) အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း။

(စ) ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။

(ဆ) လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း။

၅။ တုပ်ကွေးရောဂါဖြစ်ပွားသူများနှင့် ရောဂါဖြစ်သည်ဟု သံသယရှိသူများသည် အခြားလူများသို့ ရောဂါကူးစက်မှုအား ကာကွယ်နိုင်ရန်လည်းကောင်း၊ လူနာအား စောင့်ရှောက်သူများသည် မိမိတို့ထံ ရောဂါကူးစက်ခြင်း မရှိစေရန်လည်းကောင်း နှာခေါင်းနှင့် ပါးစပ်တို့ကို ဖုံးအုပ်နိုင်သည့် နှာခေါင်းစည်းများ (Surgical Masks)တပ်ဆင်ကြရန် လိုအပ်ပါသည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါတုပ်ကွေးရောဂါ အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ ကူးစက်ရောက်ရှိမလာစေရေးနှင့် တုပ်ကွေးရောဂါဖြစ်ပွားပါကလည်း လိုအပ်သောဆေးကုသရေးများအတွက် ဆောင်ရွက်ထားရှိပါသည်။ နိုင်ငံအချို့၌ ဖြစ်ပွားလျက်ရှိသော ကမ္ဘာ့လူ့တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ပြည်သူများသိရှိရန် အချက်အလက်များကို လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆက်လက်အသိပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အလုပ်သမားနေ့နှင့် ကဆုန်လပြည့်နေ့တို့တွင် လော်ကားဥယျာဉ် ဖွင့်မည်

ရန်ကုန် ဧပြီ ၂၉

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို မေ ၁ ရက် (အလုပ်သမားနေ့) နှင့် မေ ၈ ရက် (ကဆုန်လပြည့်နေ့) တို့တွင် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်စကားပြောကို PATTERN နည်းဖြင့်သင်ကြားပေးသည့်တစ်ခုတည်းသောသင်တန်း
ရှင်းမားမား (S.M.C.C)
တရုတ်စကားပြော

5-5-09	12-5-09	တန်းခွဲသစ် ဖွင့်ပြီ
Tue, Thu, Fri 6:00 to 7:30 p.m	Tue, Thu, Fri 7:00 to 8:30 A.m	Ph : 709936, 09-5049153

အမှတ်(၃၃)၊ ပဒုမ္မာပန်းခြံလမ်း၊ ပဒုမ္မာပန်းခြံနှင့်ကပ်လျက်၊ စမ်းချောင်း။

maco Electronic (ရတနာမြိုင် ကွန်ဒို/မင်္ဂလာဈေးရှေ့)
အရောင်းခန်းမဖွင့်ပွဲ အထိမ်းအမှတ် ဖြင့် Electrical / Electronic / Home Appliances / Kitchen Appliances / Fan မျိုးစုံ စသည့် လျှပ်စစ်ပစ္စည်း အမျိုးပေါင်း (၉၀)ကျော်ကို up to 20% off
မယုံကြည်နိုင်သော ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည့် အထူးအစီအစဉ် (၃၀.၄.၀၉ မှ ၂၁.၅.၀၉) အထိ
အမှတ် (၂၀၄)၊ စက်ရုံလမ်း၊ ရတနာမြိုင်ကွန်ဒို၊ မင်္ဂလာဈေးရှေ့၊တာမွေမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၂၉၄၉၅၉ / ၂၄၂၃၀၇ / ၃၈၀၄၇၅

Myanmar ICT Exhibition (May 2009)
မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ

နေ့ရက် ။ ။ မေလ (၁)ရက်နေ့မှ (၃)ရက်နေ့အထိ
အချိန် ။ ။ နံနက်(၉)နာရီ မှ ညနေ (၅)နာရီအထိ
နေရာ ။ ။ တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

နောက်ဆုံးပေါ် ကွန်ပျူတာ၊ Laptop၊ မော်နီတာများ၊ ကွန်ပျူတာနှင့် ဆက်စပ်အပိုပစ္စည်းများ၊ တီဗွီ၊ စတီရီယို စသည့် အီလက်ထရောနစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ စီဒီများ၊ အိမ်သုံး လုပ်ငန်းသုံးဆော့ဖ်ဝဲများ နှင့် နည်းပညာစာအုပ်များတို့ကို နည်းပညာ ကုမ္ပဏီပေါင်း (၆၀)ကျော်မှ ပြခန်းပေါင်း (၁၅၀)ကျော် ဖြင့်ခင်းကျင်း ပြသ ရောင်းချပေးမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်။

Organized By: MCF MCPA MCIA

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်နေ
ဦးဝမ်းတင်- ဒေါ်တင်တင်လှတို့၏ သားကြီး

မောင်ဝမ်းလင်းထွန်း

နှင့်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ FMI City နေ
ဦးကြည်- ဒေါ်အေးအေးမြတို့၏ တစ်ဦးတည်းသောသမီး

မသင်းမာလာ

တို့၏ ၂၆-၄-၂၀၀၉ ရက် (တနင်္ဂနွေနေ့) နံနက် Sedona Hotel (Grand-Ball-room) ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်း ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်သန်းဦး(ငြိမ်း)နှင့် ဇနီးဒေါ်မြင့်သန်းအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၏ ဇနီး ဒေါ်ခင်ညွန့်မြိုင်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းရောင်းရင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေအပေါင်းအသင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မဝမ်းသန္တာထွန်း၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော မဇင်နန္ဒာဦး၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မခင်နှင်းကြည်သာ၊ သတို့သားအရံများ ဖြစ်ကြသော ညီလတ် မောင်ဝမ်းမင်းထွန်းနှင့် ညီငယ် မောင်ဝမ်းဇော်ဇော်ထွန်း၊ သတို့သမီးအရံများဖြစ်ကြသော ဒေါက်တာတိုးသီရိအောင်နှင့် မမြနှင်းအေးတို့အားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မတင်မိုးလွင်၊ ပန်းအလှပြင်လင်းလင်းနှင့်အဖွဲ့၊ မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံမလိမ္မာ(မြန်မာစာ)နှင့် အဖွဲ့၊ မင်္ဂလာညှော်ခံပွဲတွင် တီးခတ်သီဆိုဖျော်ဖြေပေးပါသော အင်ပါယာ (Emperor) တေးဂီတအဖွဲ့နှင့် နိုင်ငံကျော်အဆိုတော်များ၊ မင်္ဂလာညှော်ခံပွဲတွင် အဘက်ဘက်မှကူညီဆောင်ရွက်ပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝမ်းလင်းထွန်း-မသင်းမာလာ

U THURA SHEIN
MAS
MANAGEMENT & ACCOUNTANCY SCHOOL
• LCCI Level I, II, III
• MYOB (Computerized Accounting)
Contact : 09 858 1000, 09 99 71735, 01-705016

ရောင်းချဖြန့်ချိမှု နှင့်
ဈေးကွက်လုပ်ငန်း
ဝေါဟာရအဘိဓာန်
ဦးမိုးနိုင်
ဖြန့်ချိရေး - မျိုးဆက်သစ်စာပေ၊ ဖုန်း-၃၇၇၃၆၉
မန္တလေး-ထွန်းဦးစာပေ

နာဂစ်တစ်နှစ်ပြည့် အထိမ်းအမှတ်ပြပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

နာဂစ်တစ်နှစ်ပြည့် အထိမ်းအမှတ်ပြပွဲကို မေ ၂ရက် ညနေ ၆နာရီမှ ၈နာရီခွဲအထိ ရန်ကုန်မြို့၊ အလုံပြဘုရားလမ်းရှိ Park Royal Hotel Grand Ball Room ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အထိမ်းအမှတ်ပွဲ ဖြစ်မြောက်ရေးအတွက် မင်္ဂလာမြန်မာ (၁၀-၅၄၄၄၈၂)၊ ရတနာ့မေတ္တာ (၀၁-၃၇၅၃၄၅)နှင့် Myanmar NGO Network (MNN) (၀၁-၅၃၇၈၈၈)တို့က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး နာဂစ်လေဘေးအတွက် ပါဝင်ကူညီခဲ့သူများအားလုံး မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးဝင်းသော်ဇင် သိသာရန်

၁၅-၄-၂၀၀၉ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဦးဝင်းသော်ဇင်၏ ညွှန်ကြားချက်အရဟု ဖော်ပြလျက် ဦးစိုးအောင် B.A,R.L,D.B.L တရားရုံးချုပ်ရှေ့နေမှ ဒေါ်မြစန္ဒာနှင့် သက်ဆိုင်သူများ သိသာရန် ဟူ၍ ကြေညာခြင်းနှင့် ပတ်သက်၍ ဖြစ်ရပ်မှန်ကို ဦးဝင်းသော်ဇင် အသိဆုံး ဖြစ်ပါသည်။

ဒေါ်မြစန္ဒာနှင့် သက်ဆိုင်သူများ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာအောင် ယခုကဲ့သို့ ကြေညာခြင်း၊ ဆောင်ရွက်ခြင်းများအား ယခုအချိန်မှစ၍ ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ရပ်တန့်ရန်နှင့် ဆက်လက်၍ ပြုမူဆောင်ရွက်ပါက ဥပဒေကြောင်းအရ ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးဝင်းသော်ဇင် [၁၄/ဖပန(နိုင်)၀၀၆၉၄၆] အား သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးစိုးဝင်း[၁၂/စခန(နိုင်)၀၅၉၉၅၆]
ဒေါ်မြစန္ဒာ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ
အမှတ်-၉/၄၊ ကျောင်းကုန်းလမ်း၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွှတ်တန်းဆောင်းပါးနှင့် အလွှတ်တန်းစာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အလွှတ်တန်းဆောင်းပါးနှင့် အလွှတ်တန်း စာစီစာကုံးပြိုင်ပွဲကို ၂၀၀၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "Your Planet Needs You-Unite to combat Climate Change" "ဥတုရာသီ တည်ငြိမ်ရေး သင်လည်းပါဝင်လှုပ်ရှားပေး" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည် ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့လူသားတိုင်း အလေးထားရမည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း အထူးဂရုပြုမိကြစေရန်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လာကြစေရန်၊ ကာဗွန်ဓာတ်ငွေ့များ လျော့ပါးသော ကမ္ဘာကြီးပေါ်တွင် သင်တင့်မျှတကောင်းမွန်သော ရာသီဥတုဖြစ်လာစေရန်နှင့် အေးချမ်းစွာနေထိုင်နိုင်ကြစေရန် အတွက် ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံးဖြစ်စေမည့် စွမ်းအင် (ဥပမာ-နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်)များကို အသုံးပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးတက်စေခြင်း၊ ကာဗွန်စုပ်ယူနိုင်သည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းနှင့် စက်မှုနှင့် အခြားလုပ်ငန်းများမှ ကာဗွန်ထုတ်လုပ်မှုများကို ကန့်သတ်ထိန်းချုပ်ခြင်း စသည့် လုပ်ငန်းဆောင်ရွက်မှုများဖြင့် ရာသီဥတုပြောင်းလဲလာမှုပြဿနာများကို ကမ္ဘာ့နိုင်ငံများအားလုံး ပူးပေါင်းလက်တွဲ တိုက်ဖျက်ကြရန် အထူးလိုအပ်နေသည်။

ထိုသို့ဆောင်ရွက်သင့်သည့် လုပ်ငန်းအချက်အလက်များ အပါအဝင် မိမိတို့ ရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော ဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ဆောင်းပါးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာတွင် လည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး ခုနစ်မျက်နှာတွင် လည်းကောင်း ကွန်ပျူတာဖြင့် (Win---Innwa Font size 17 သို့မဟုတ် Myanmar Unicode Myanmar 2 Font size 17, Line spacing 1.5 lines) စာစီရေးသားပေးပို့ကြရန်ဖြစ်သည်။ ဆုရရှိသူများအား နေပြည်တော်၌ ကျင်းပမည့် ၂၀၀၉ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးနှင့် စာစီစာကုံးများကို ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံတို့နှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် (၂၈) နေပြည်တော်သို့ မေ ၂၂ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နန်းအိအိဇာတည်းဖြတ်ထုတ်ဝေသည့်
Wellness အနာမဲ့ ✔ ကျန်းမာရေးနှင့် အလှအပမဂ္ဂဇင်း

• ဘဝကို စိတ်ချမ်းသာမှုများနဲ့ ကျော်ဖြတ်စေချင်တဲ့ ခန့်စည်သူ • ကျားပေါက်၊ ပုလဲဝင်းတို့ရဲ့ ဘဝ နေထိုင်မှု ပုံစံ • ဝက်ခြံ ပေါက်ရင် ဘာ လုပ်ကြမလဲ • လက်နှင့် ခြေထောက်အလှ ပြုပြင် ထိန်းသိမ်းခြင်း • အသံတု ရဲမြင့်လေးနှင့် တွေ့ဆုံခြင်း • ဦးနှောက် မပျက်ယွင်းအောင် ထိန်းသိမ်းစို့ • ဆရာဝန် လူနာ ဆက်ဆံရေး • ရောဂါဗေဒ ဆရာဝန်ကြီး ဦးကျော်ဝင်းနှင့် ဆွေးနွေးခြင်း • သက်ရှည်ကျန်းမာစေရန် လိုအပ်သော ဓာတ်များ • Global Warming လား Media Warming လား • သွေးထဲက ထရိုင်ဂလစ်ဆရိုက်အဆီဓာတ် • တင်းနစ်အားကစားမယ် ဆရီးနားဝီလျံစ်
အမှတ်–၂၀၀၊ပထပ်၊၃၆လမ်း(အထက်)၊ရန်ကုန်။ ဖုန်း–၃၈၃၀၂၅၊၃၉၁၆၃၃

ဥပဒေပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများအတွက်
သာလွန် ထွက်ပြီ
အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာ ဥပဒေအဘိဓာန်

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
မ/ဒဂုံ၊ (၃၇)ရပ်ကွက်၊ ပင်လုံလမ်း ကျောကပ် 2BN (ကားဂိတ်နီး၊ ကားပေါ်) ဂရန်ပါတိုက်ကို တိုက်ခန်းဈေးဖြင့်ရောင်းမည်။ (သိန်း ၁၇၀)
ဖုန်း-၇၀၃၄၁၅၊ ၀၉၅၀၂၇၃၇၈

Chaung Tha Villa
အထူးအစီအစဉ်
ချောင်းသာစရိတ်ငြိမ်း
(၂၉၀၀၀ကျပ်)
Ph-513805, 516540, 539568, 098572717

ခြံရောင်းမည်
မှော်ဘီမြို့နယ်၊ ကျိုက်ဒေးဘုရားလမ်းရှိ အကျယ်ပေ ၆၀ x အရှည်ပေ ၂၄၀ရှိ ခြံဝင်းတွင် သရက်၊ မန်ကျည်း၊ အုန်းပင် စုံလင်စွာနှင့်အတူ အသင့်နေထိုင်နိုင်သော ပေ (၂၇x ၉) ရှိ တိုက်တစ်လုံးရှိပြီး ရေ၊ မီးစုံ၊ အဝီစိတွင်းတူးပြီး ရေရရှိပြီး ခြံဝင်းအသစ်ခတ်ထားပြီး။ မြေပုံတိုင်းပြီး အမည်ပေါက်။
သိန်း ၁၅၀
(ဦးရာလူရောင်းမည်)
ဆက်သွယ်ရန်-
ဖုန်း-၀၉၅၀-၃၉၄၀၈၊ ၀၁-၃၉၇၅၅၈၊ ၀၁-၂၉၈၂၈၈

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မီရ်ဂါနီ မိုဟာမက်ဆာလီသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မီရ်ဂါနီ မိုဟာမက်ဆာလီအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-ကော့သောင်းလမ်းပေါ်ရှိ ရေပုံးတံတားဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၉

ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-ကော့သောင်းလမ်းပေါ်ရှိ ရေပုံးတံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ တံတားဖွင့်ပွဲအခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်၊ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ ရေပုံးတံတားသည် တနင်္သာရီတိုင်းအတွက် အရေးပါသည့် တံတားတစ်စင်းဖြစ်ပြီး ပေ၁၈၀နှင့်အထက် တံတားများတွင် ၂၂၄စင်းမြောက် ဖွင့်လှစ်သည့် တံတားသစ်ကြီး ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းအတွက် ပေ၁၈၀နှင့်အထက် ကိုးစင်းမြောက်တံတားဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ❍

ရေပုံးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး